# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁၄ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၆၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၃

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသည့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညောဘာသထံ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ငကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၃
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၇၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။

❑ *ရှေ့ဖုံးမှ*

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

**အခမ်းအနား ဖွင့်လှစ်**

ဦးစွာ "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနား အဖွင့်စာတမ်းကိုဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင် မင်းကျောင်း ဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

**သာသနာရေးဆိုင်ရာများ လျှောက်ထား**

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရ မဟာထေရ်က သမ္ဗောဒနီယ ဩဝါဒ ကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညောဘာသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင် များကို ဆက်ကပ်ပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ကေသဝထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ် ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ကေသဝထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ် ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး ဘဒ္ဒန္တ သိရိန္ဒာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ စန္ဒဝရာဘိဝံသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

*စာမျက်နှာ ၃ မှ*
ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ (ပါဠိ တက္ကသိုလ်)ရွှေကျင်တိုက်သစ်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသ ထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံစာသင်တိုက် ဆရာတော် ဘဒ္ဒန္တစန္ဒဝရာဘိဝံသ ထံလည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

**ဆက်ကပ်ပူဇော်**

ဆက်လက်၍ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သမိဒ္ဓေါဒယဖျာပုံသီလရှင်စာသင်တိုက်နာယက သီလရှင်ဆရာကြီး ဒေါက်တာဒေါ်စန္ဒသိင်္ဂီနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဇေယျသိင်္ဂီချောင် သီလရှင်စာသင်တိုက်နာယက သီလရှင်ဆရာကြီး ဒေါ်ဝိသိင်္ဂီတို့ထံ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။

ယင်းနောက် သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့ရရှိသူများ ဖြစ်ကြသည့် ဦးကျော်ဖေ၊ ဦးကျော်ဇေယျနှင့် ဦးဘရန်မိုင်တို့အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိသူ *စာမျက်နှာ ၅ သို့*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပုသိမ်မြို့ မြို့မဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒထံ ဘွဲ့တံဆိပ်တော်ဆက်ကပ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ညောင်ရွှေမြို့နယ် မိုင်းသောက်ပထမစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ တောင်စလင်းတိုက်သစ် ဘာဝနာဋ္ဌာနကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတိက္ခထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ပန်းတနော်မြို့ သာသနာ့ဟိတာရာမပုခန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသာမိထံ ဘွဲ့တံဆိပ်တော်ဆက်ကပ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဖျာပုံမြို့ ဓမ္မဝိနယပဋ္ဌမပြန်တိုက်သစ်ကျောင်းပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသူရိယထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မော်လမြိုင်မြို့ ကတိုးမွန်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ဝါယာမိကဇထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မြောင်းမြမြို့ အလယ်တောရ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညာသီဟထံ ဘွဲ့တံဆိပ်တော်ဆက်ကပ်စဉ်။


ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ခရမ်းမြို့ ရဲမွန်ဘုရားကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဇောတထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ကြို့ပင်ကောက်မြို့တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဏ္ဍညထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးကျော်ဖေအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းမြို့ ဇေယျသိင်္ဂီချောင် သီလရှင်စာသင်တိုက်နာယက သီလရှင် ဆရာကြီး ဒေါ်ဝိသိင်္ဂီထံ ဘွဲ့တံဆိပ်တော်နှင့်အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မ သိင်္ဂီဘွဲ့ရရှိသည့် ဒေါ်သန်းသန်းနွယ်အား ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးမြင့်စိုးထွန်းအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့် အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မ သိင်္ဂီဘွဲ့ရရှိသည့် ဒေါ်မူမူစန်းအား ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းစဉ်။

*စာမျက်နှာ ၄ မှ*

ဦးမြင့်စိုးထွန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်း သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်သန်းသန်းနွယ်၊ ဒေါ်ခင်အေးမြင့်၊ ဒေါ်ထွေးထွေးညွန့်၊ ဒေါ်အေးမြင့်၊ ဒေါ်မြင့်မြင့်ရီတို့အား လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်လှဝင်း၊ ဒေါ်မူမူစန်း၊ ဒေါ်ဝါဝါလှိုင်နှင့် ဒေါ်ချောစု မြတ်တို့အားလည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်း သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေး မြို့

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

*စာမျက်နှာ ၅ မှ*

မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပြည်တွင်း/ပြည်ပ ဆရာတော်၊ သံဃာတော်အပါး၁၂၀၊ သီလရှင်ဆရာကြီး နှစ်ပါးနှင့် လူပုဂ္ဂိုလ် ၁၀ ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲအခမ်းအနားတွင် အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ရှစ်ပါး၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအပါး ၂၀၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၅ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၀ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ် ၁၃ ဦးတို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ကျန်ရှိသည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီး ဆက်ကပ်ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီး ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ သက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၄၈ / ၂၀၂၅**
**၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်**
**( ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ရန်နောင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | အောင်သူ | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | မျိုးဆွေလတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | အောင်ဘိုဘို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | ပြည့်ဖြိုးကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | ကျော်ဇေသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး | နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ကြီး | ရန်နိုင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်ကြီး | ကျော်ဝေဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်ကြီး | ဇွဲမောင်မောင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်ကြီး | အောင်မျိုးကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ၇၉၇၇၉၇ | တပ်ခွဲတပ်ကြပ်ကြီး စန်းမြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | တ-၂၄၄၆၄၉ | တပ်ကြပ်ကြီး မျိုးကျော်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | တ-၃၃၁၁၇၇ | တပ်ကြပ်ကြီး အုန်းခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | တ-၃၅၁၀၆၀ | တပ်ကြပ် အောင်ဖြိုးဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | တတ-၁၃၅၄၀၃ | တပ်ကြပ် တိုးတက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | တ-၅၂၆၄၇၄ | ဒုတိယတပ်ကြပ် မင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ပစ-၁၀၀၃၂၆ | ဒုတိယတပ်ကြပ် သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | မ-၄၂၀၇ | တပ်ကြပ်ကြီး/ သားဖွား ဒေါ်နှင်းနွယ်ရီ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၅၂၂၃၂၈ | တပ်သား နေလင်းထွန်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်ဇင်မာထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ဆုမြတ်မိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | မောင်ထက်ရှိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | မောင်ထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | မောင်ကျော်အေးချမ်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | မောင်ကျော်သိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်သီတာစိုးသန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | မောင်ပြည့်စုံအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်အေးအေးခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | မောင်သန်းဇော်ထိုက်(ခ) မောင်ဇော်ဝင်းမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သန်းသန်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | မောင်စိုင်းဝင်းဇော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဦးနေလင်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မောင်သက်မင်းနိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါ်မာမာလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | မောင်ဟိန်းထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်ခင်သန်းထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်လဲ့လဲ့ဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်သိန်းကြည် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | မောင်ဖြိုးငွေစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်သန်းသန်းငြိမ်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်လှလှအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်မို့မို့ဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | မောင်ဝင်းမြတ်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | မောင်ဖိုးလပြည့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | မောင်ရန်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | မောင်ကျော်အေးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ငွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | မောင်ချစ်ရင်ထူး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်စန်းစန်းငွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်ငြိမ်းငြိမ်းအိ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်ဆင့်ဆင့်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်မိုးသူဇာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | မောင်လင်းမြတ်သော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်မာမာလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | မောင်ရန်နိုင်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | မောင်အောင်သက်ပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်ချြူးအိလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်သက်သက်ဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်အိသဥ္စာမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မြတ်မိုးခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်ခင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | မောင်လပြည့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ခင်သက်မာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်ဇာဇာထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်အေးသူဇာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဦးအောင်ကိုဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဦးလှိုင်ဝင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဦးနေလင်းထူး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဦးကျော်စောဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဦးဇင်မင်းသန့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဦးခိုင်မြင့်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဦးအဲကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၆။ | ဦးဟိန်းကိုစံ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၇။ | ဦးသောင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၈။ | ဦးအောင်ကြည်သန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၉။ | ဦးမြင့်ထွေး | | မကွေးတိုင်းဒေသကြီး |
| ၆၀။ | ဦးဝင်းမင်းနိုင် | | မကွေးတိုင်းဒေသကြီး |
| ၆၁။ | ဦးအောင်အောင်ဦး | | ရှမ်းပြည်နယ် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**
**စီမံထူးချွန်တံဆိပ် (ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | သိန်းထွန်းတင် | ကာကွယ်ရေးဝန်ကြီးဌာန |

**စီမံထူးချွန်တံဆိပ် (တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | နေမျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ကြီး | လှိုင်မျိုးချစ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ကြီး | လှမော်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဦးသီဟ | | ကာကွယ်ရေးဝန်ကြီးဌာန |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**
**နည်းပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | ငွေအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် | မြတ်မင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | သိန်းလွင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | အောင်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး | ကျော်လင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | ဝင်းကိုကိုနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး | အောင်ကြည်မင်း | ကာကွယ်ရေးဝန်ကြီးဌာန |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တပေါင်းလပြည့်နေ့၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့်စည်ကား



**ရန်ကုန် မတ် ၁၃**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့ ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲနှင့် (၂၆၁၃) နှစ်မြောက် ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲရေစက်ချ အခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ နံနက် ၅ နာရီတွင် ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို ရွှေတိဂုံစေတီတော် ရင်ပြင်မြောက်ဘက်မုခ်ရှိ အောင်မြေ၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပက ရုံးဝန်ထမ်းများက ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် (၂၆၁၃)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ရေစက်ချအခမ်းအနားကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ သြဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ တိပိဋကရေတိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက စွန်းလွန်းဆရာတော် ဘဒ္ဒန္တသုန္ဒရထံမှ ငြိမ့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးကျော်ဇေယျက ဗုဒ္ဓပူဇနိယ မင်္ဂလာအနုမောဒနာအား လျှောက်ထားသည်။

ဆက်လက်၍ သြဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ၊ တိပိဋကရွေးချယ်ရေးအဖွဲ့ သြဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သ.စ.အ ဓမ္မာစရိယ ဝဋ္ဋံသကာပါဠိပါရဂူ စေတိယင်္ဂဏပဝရသိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါ ဘိဝံသ (လှရတနာဆရာတော်) ထံမှ ငြိမ့်ပရိသတ်များက အနုမောဒနာ တရားနာကြား၍ ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် စေတီတော်ရင်ပြင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် သြဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ယနေ့တပေါင်းလပြည့်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်၊ ဆုတောင်းပြည့် မယ်လမုစေတီတော်နှင့် ကိုးထပ်ကြီးဘုရားတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်(MNA)**



# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ရွှေကြာသင်္ကန်းကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၃

**နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်လေးဆူနှင့် မဟာဆုတောင်းပြည့် (ပန်းပေါင်း) ဘုရားကြီးတို့အား (၁၇)ကြိမ်မြောက် ရွှေကြာသင်္ကန်း ကပ်လှူခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုတော်မူသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတီတော် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ စေတီတော်လိုဏ်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမဏိမယရတနာကျောက်စိမ်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ် လေးဆူနှင့် မဟာဆုတောင်းပြည့် (ပန်းပေါင်း) ဘုရားကြီးတို့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွှေကြာသင်္ကန်းတော်၊ မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနားကို ကျင်းပရာ ဆရာတော်ကြီးများအား ဗုဒ္ဓါဘိသေကအနေကဇာတင်မည့်နေရာသို့ ပင့်ဆောင်၍ တံခွန်၊ ကုက္ကား၊ မုလေးပွားများ ဆက်ကပ်ကြပြီး ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် ကုသိုလ်တော်မင်္ဂလာ ဆည်းပူးခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်ကို နာယူပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြကြောင်း သိရသည်။

**သတင်းစဉ်**

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၁၃**

နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနနှင့် သီးနှံကာကွယ်ရေး ဌာနခွဲ(ရုံးချုပ်) မှ ပူးပေါင်းကျင်းပသည့် လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်း အမှတ်စဉ်(၂) ကို ဧပြီ ၄ ရက်မှ ၆ ရက်အထိ သုခစိုးဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနနှင့် သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)မှ သင်တန်းနည်းပြဆရာ ဆရာမများက သီးနှံကာကွယ်ရေးဆိုင်ရာမူဝါဒများ၊ သီးနှံပင်ရောဂါများနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ အပင်ပေါင်းသတ်ဆေးများ၏ အစွမ်းအာနိသင်၊ အသုံးပြုနိုင်မှုနှင့် အန္တရာယ်များ၊ ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ပိုးသတ်ဆေး၏ လုပ်ငန်းခွင်အန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်းစသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ တက်ရောက်လိုသူများအနေဖြင့် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင် ၀၉-၄၃၀၃၄၄၂၆ နှင့် ဒေါ်ချစ်စန္ဒီးခိုင် ၀၉-၂၆၄၉၃၆၉၅ သို့ ဆက်သွယ်၍ တက်ရောက်နိုင်ကြောင်း သိရသည်။ **ဇော်ဘီ**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁၃

**၂၀၂၅ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့ ဘုရားနီ ဆုတောင်းပြည့်ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသိရီ၊ နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အကျိုးဆောင်၊ ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် အပူဇော်ခံတော်မူကြမည့် ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် လူပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့ ဘုရားနီ ဆုတောင်းပြည့် ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပညာသိရီ မထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဇေယျာသီရိမြို့နယ် စည်ပင်သာယာရွာဦးကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုလ္လနန္ဒာစက္က မထေရ်မြတ်က သမ္မောဒနီယကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက သာသနာတော်ဆိုင်ရာ များကို လျှောက်ထား၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီးက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာ ဇေယျကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအရိန္ဒမနှင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဇေယျာသီရိမြို့နယ်၊ စည်ပင်သာယာ ရွာဦးကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုလ္လနန္ဒာ စက္ကတို့ထံ ဘွဲ့တံဆိပ်တော် နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်များ၊ ဒုတိယမြို့တော် ဝန်နှင့် တာဝန်ရှိသူများက မဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဂန္ထဝါစက ပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့ တံဆိပ်တော်များနှင့် အဆောင် အယောင်များကို ဆက်ကပ်ပူဇော် ကြသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၏ဇနီးက မဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ တပ်ကုန်းမြို့၊ ရှစ်ရပ ဘာဝတီ သီလရှင်စာသင်တိုက် သီလရှင်ဆရာကြီး ဒေါ်စန္ဒာရီထံ ဘွဲ့တံဆိပ်တော်များနှင့် အဆောင် အယောင်များကို လည်းကောင်း၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ပျဉ်းမနားမြို့၊ သီရိစန္ဒာ ရာမသီလရှင်စာသင်တိုက် သီလရှင် ဆရာကြီး ဒေါ်ရူပိယသိင်္ဂီထံ ဘွဲ့ တံဆိပ်တော်များနှင့် အဆောင် အယောင်များကို လည်းကောင်း ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ တံဆိပ်တော်ရ ဦးကုဋ္ဌေကျော်အား ဘွဲ့တံဆိပ်တော်နှင့် အဆောင် အယောင်များကို ချီးမြှင့်အပ်နှင်း ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ ဇနီးက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဒေါ်သန်းသန်း ဌေးအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ချီးမြှင့် အပ်နှင်းသည်။

ဆက်လက်၍ နေပြည်တော် တိုင်း သံဃနာယကအဖွဲ့ အကျိုး တော်ဆောင်၊ ပျဉ်းမနားမြို့၊ မဟာ ဓမ္မိကာရာမ အုန်းတောပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိသ မထေရ်မြတ် ထံမှ ဧည့်ပရိသတ်များက အနုမော ဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနား အပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင် များက ဆရာတော်သံဃာတော် များနှင့် သီလရှင်ဆရာကြီးများ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ် လောင်းလှူကြသည်။

ယနေ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မှ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် တော်များရရှိကြသည့် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါး၊ မဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီး လေးပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီး ခုနစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် တော်ရဆရာတော်ကြီး ခြောက်ပါး၊ ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး တစ်ပါး၊ မဟာ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ သီလရှင်ဆရာကြီးတစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ သီလရှင်ဆရာကြီး တစ်ပါးတို့အား ဘွဲ့တံဆိပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် ပူဇော်ပြီး သီဟသုဓမ္မမဏိဇောတ ဓရ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ် အမျိုးသားတစ်ဦး၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးတို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ် များနှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# တပေါင်းလပြည့်နေ့တွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဗုဒ္ဓပူဇနီယပွဲတော်များ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး မတ် ၁၃**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် နေ့ထူးနေ့မြတ်များတွင် အပါအဝင်ဖြစ်သည့် တပေါင်းလပြည့်နေ့ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ ဗုဒ္ဓပူဇနီယဘုရားပွဲတော်များသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများသည် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကာ မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့တွင်လည်း ကုသိုလ်ပြုဆုတောင်းသူများဖြင့်လည်းကောင်း၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများနေကြသူများဖြင့်လည်းကောင်း စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် အနီးပတ်ဝန်းကျင်ရှိ စေတီပုထိုးများ၌လည်း ဗုဒ္ဓပူဇနီယပွဲတော်များ ကျင်းပလျက်ရှိရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့ ဒေသခံ ကိုမင်းစိုးက "ဒီလမှာ တပေါင်းလပြည့်နေ့အပါအဝင် အစိုးရရုံးပိတ်ရက် ၅ ရက်ဖြစ်တဲ့အတွက် ကျွန်တော်တို့လိုဝန်ထမ်းတွေ





အပန်းဖြေလည်ပတ်ဖို့ အချိန်တွေ အများကြီးရရှိခဲ့ပါတယ်။ ဒီနေ့ တပေါင်းလပြည့်နေ့မှာလည်း မန္တလေးမြို့က အထင်ကရဘုရားတွေကို သွားရောက်ဖူးမြော်ကြည်ညိုခဲ့ပါတယ်။ နေ့လယ်ပိုင်းမှာ သမိုင်းဝင်ရွှေစာရံဘုရားပွဲတော်ကို မိသားစုနဲ့ အတူတူသွားပြီး ဘုရားဖူးမယ်။ ဒုဋ္ဌဝတီမြစ်ထဲမှာ လှေစီးမယ်။ ပြီးရင် ရေကစားမယ်" ဟုပြောသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံဘုရားကြီး၏ (၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့သူ၊ မြို့သားများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ဆင်နွှဲကြသည့်အပြင် အနီးပတ်ဝန်းကျင် ရှမ်းကုန်းမြေမြင့်မှ ရှမ်းတိုင်းရင်းသားများလည်း လာရောက်ပါဝင်ဆင်နွှဲကြပြီး အထူးစည်ကားလှသော ပွဲတော်ကြီးတစ်ခုဖြစ်သည်။

အဆိုပါဘုရားပွဲတော်တွင် တောင်ပေါ်၊ မြေပြန့်ဒေသထွက် စားသောက်ကုန်များ၊ မြန်မာ့ချည်ထည်ဝတ်စုံ၊ အထည်အမျိုးမျိုး၊ ကျေးလက်ဒေသထွက်ကုန်သီးနှံများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာမုန့်အမျိုးမျိုးနှင့် အမှတ်တရပစ္စည်းများရောင်းချသည့် ဆိုင်ခန်းများအပြင် အပန်းဖြေအနားယူနိုင်မည့် အေးချမ်းသာယာသည့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးတွင်တည်ရှိသည့်အတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# ပွင့်ပန်းရာထောင် ရန့်ဆောင်သို့

ပြည်စိုးညိမ်း

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် မတ်လ ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ ဆိုက်ရောက်ကြသည်။ စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိပြီး မကြာမီ ယင်းနေ့ညနေပိုင်းမှာပင် ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို စိန့်ပီတာစဘတ်အစိုးရ ဧည့်ဂေဟာ K2 ၌ကျင်းပခဲ့ပြီး နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်စေရေးအတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်မီသိပ္ပံနှင့် နည်းပညာထွန်းကားတိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းအားဖြင့် မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားများကို ပေါင်းကူးတံတားသဖွယ် ပိုမိုဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲသည် ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအပြီး ယင်းနေ့ ဒေသစံတော်ချိန် ညနေပိုင်းမှာပင် အစိုးရ ဧည့်ဂေဟာ K2 ရှိ အစည်းအဝေးခန်းမတွင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒားဘယ်ဂ်လော့ကို လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

စိန့်ပီတာစဘတ်မြို့တွင် စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသည်။ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပျံသန်းပြေးဆွဲလျက်ရှိသည်။ စိန့်ပီတာစဘတ်မြို့နှင့်လည်း တိုးချဲ့ပျံသန်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ထိုနေ့ညပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးက နိုင်ငံတော်အကြီးအကဲနှင့်တကွ ချစ်ကြည်ရေးကိုယ်စားလှယ်များကို စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။ (၇-၃-၂၀၂၅)

ခရီးစဉ်စတုတ္ထနေ့ဖြစ်သော မတ်လ ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲသည် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများကို တွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့ရာ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ မင့်စ်မြို့၏ ရာသီဥတုမှာ အနည်းငယ်အအေးဓာတ် လျော့နည်း၍ သာယာလျက်ရှိသည်။

ဘယ်လာရုစ်နိုင်ငံက နိုင်ငံတော်အကြီးအကဲအား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအား ကြိုဆိုသည့် အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ယင်းနေ့ဒေသစံတော်ချိန် ညနေပိုင်းမှာပင် မင့်စ်မြို့ President ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေးနှင့် နည်းပညာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ငင်းဟိုတယ်မှာပင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ဆက်လက်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများစွာကို ဖော်ဆောင်နိုင်ခဲ့သည်။ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားနိုင်ငံ ဆာမားရားမြို့ရှိ Roscosmos အာကာသကော်ပိုရေးရှင်း JSC Progress စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (၈-၃-၂၀၂၅)

မတ်လ ၇ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲအား ဘယ်လာရုစ်နိုင်ငံသမ္မတက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။ ထို့နောက် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ သီးသန့်ဆွေးနွေးပွဲနှင့် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် မီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအပြန်အလှန် ပူးတွဲကြေညာချက်များကို ထုတ်ပြန်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်မှ စတင်ခဲ့ပြီး အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှုကို အခိုင်အမာတည်ဆောက်ထားသည်။ ယနေ့တိုင် နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်း ဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်း ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများ တိုးတက်ခိုင်မာလျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွှယ်မှုတို့မှတစ်ဆင့် နှစ်ဦးနှစ်ဖက် တူညီသည့် အနာဂတ်ကို လျှောက်လှမ်းနိုင်ရန် စတင်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် ယင်းနေ့ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကတိကဝတ်ကို ပြန်လည်အသက်သွင်းနိုင်ရန် မြန်မာနိုင်ငံဘက်က ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးနှင့် ပညာသင်ကျောင်းသားများကို စေလွှတ်နိုင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးမှု ညှိနှိုင်းမှုများကို အစပြုနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများ ပိုမိုရရှိနိုင်ရေးနှင့် စားနပ်ရိက္ခာ ပိုမိုဖူလုံမှုရှိစေရေးတို့ကို အလေးထားလေ့လာကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုပါ တိုးမြှင့်နိုင်တော့မည်ဖြစ်သည်။ လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများမှာ အတိုင်းအတာတစ်ခုအထိ တိုးတက်လျက်ရှိနေပြီလည်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၈ ရက် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားနိုင်ငံ ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ပြည်ပခရီးစဉ်များတွင် နိုင်ငံတော်သမ္မတကြီးများ အပါအဝင် အစိုးရအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်း၊ အစည်းအဝေးများ တက်ရောက်ခြင်း၊ စီးပွားရေးဖိုရမ်များ

*စာမျက်နှာ ၁၁ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒားဘယ်ဂ်လော့တို့ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၆-၃-၂၀၂၅)

*စာမျက်နှာ ၁၀ မှ*

တက်ရောက်ခြင်းတို့အပြင် မိမိအနားယူရမည့် ကိုယ်ပိုင်အချိန်များကိုပင် အသုံးပြု၍ တက္ကသိုလ်များ၊ စက်ရုံ၊ အလုပ်ရုံများသို့ မနားမနေ သွားရောက်လေ့လာလေ့ရှိသည်ကို သတိပြုမိသည်။

မည်သည့်နိုင်ငံကို ရောက်ရှိသည်ဖြစ်စေ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတတ်ပညာ၊ အသိပညာရပ်တို့၏ ရင်းမြစ်ဖြစ်ထွန်းရာနေရာများကို စိတ်ဝင်တစား လေ့လာစူးစမ်းလေ့ရှိသည်။ အကြီးအကဲအနေဖြင့် အနာဂတ်မြန်မာနိုင်ငံ တည်ဆောက်ရေးတွင် ပညာရေး၏ အရေးကြီးပုံကို အလေးအနက်ထားမှုက ထင်ရှားလှသည်။ ယခုလည်း ဆာမားရားမြို့သို့ ရောက်ရှိနေစဉ်အတွင်း Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံသို့ သွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာ အသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိမည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာသင်တန်းများ တက်ရောက်နိုင်ရန် ပညာတော်သင်များ ပို့မိုစေလွှတ်နိုင်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်အား ရာသီဥတုကြောင့် နှင်းများဖုံးလွှမ်းနေသည့်အတွက် လေဆိပ်မှမထွက်ခွာမီ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ (၉-၃-၂၀၂၅)

ထို့ပြင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆာမားရားဒေသနှင့် တာလီကာတီဒေသတို့အကြား စက်မှုကဏ္ဍ၊ ဓာတ်မြေဩဇာထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍနှင့် ပညာရေးကဏ္ဍတို့တွင် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲသည် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဆာမားရားမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညပိုင်းတွင် နိုဗိုစီဗစ်မြို့ သာမာရဲဗာလေဆိပ်သို့ ရောက်ရှိကြသည်။ နိုဗိုစီဗစ်မြို့မှာ နှင်းများထူထပ်စွာကျဆင်းလျက်ရှိသည်။ အပူချိန်မှာ ရေခဲမှတ်အောက် ရောက်ရှိနေသည်။ အနုတ် ၆ ဒီဂရီစင်တီဂရိတ်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် မတ်လ ၉ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ နိုဗိုစီဗစ် ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားကို ၎င်းဟိုတယ်မှာပင် ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ရုရှားနိုင်ငံ၏ အာရှတိုက်ဘက်အခြမ်းတွင်ရှိသည့် အဓိကစီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စက်မှုနှင့် ငွေကြေးဆိုင်ရာဗဟိုချက်ဖြစ်သည့် နိုဗိုစီဗစ်မြို့သည် မြန်မာနိုင်ငံနှင့် တိုက်ရိုက်လေကြောင်း ပြေးဆွဲလျက်ရှိသည့် တစ်ခုတည်းသော ရုရှားနိုင်ငံမှ မြို့တစ်မြို့ဖြစ်သည်။ မန္တလေးမြို့နှင့် ညီအစ်မမြို့အဖြစ် ထူထောင်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် မြို့လည်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ဖွင့်ပွဲအပြီးတွင် ကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ဝန်ထမ်းမိသားစုများနှင့် သင်တန်းတက်ရောက်နေသည့် သင်တန်းသားအရာရှိများကို နွေးနွေးထွေးထွေး တွေ့ဆုံခဲ့သည်။ လိုအပ်ချက်များ မေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အမိမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မတ်လ ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရဲဗာလေဆိပ်သို့ ရောက်ရှိကြသည်။ လေယာဉ်ကွင်းတစ်ခုလုံးမှာ နှင်းတွေ ဖွေးဖွေးလှုပ်လှုပ် ကျဆင်းနေသည်။ အအေးဓာတ်က သိသိသာသာလွှမ်းခြုံနေသည်။ လေယာဉ်ကွင်းအဆောက်အအုံများမှာ ဝါဂွမ်းဆိုင်များ ဖုံးအုပ်ထားသည့်နှယ် ဖြူဖြူပွံ့ပွံ့ ရှိနေကြလျက်။ နံဘေးဝန်းကျင်ရှိသစ်ပင်ပန်းပင်တို့မှာ အကိုင်း၊ အခက်၊ အရွက်ကလေးတွေကအစ တစ်ကိုယ်လုံးကို နှင်းသင်တိုင်း လွှမ်းခြုံထားကြသည်။ အထူးလေယာဉ်၏ တောင်ပံနှစ်ဖက်၌ပင် ထူထပ်သော နှင်းထုလွှာကြီးဖုံးအုပ်နေသဖြင့် စက်ကိရိယာများဖြင့် ရှင်းလင်းဖယ်ရှားရသည်။ မကြာမီ အထူးလေယာဉ်ကြီးသည် ခရီးမိုင်တစ်သောင်းမှ အခွင့်အလမ်းကောင်းများစွာကို သယ်ဆောင်လျက် အမိနိုင်ငံတော်ဆီသို့ ဦးတည်ပျံသန်းခဲ့လေသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း အမိမြန်မာနိုင်ငံတော်ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြန်ကြားပေးလျက်ရှိသဖြင့် နိုင်ငံသူနိုင်ငံသားအပေါင်းတို့မှာ နှစ်ထောင်းအားရ ကျေနပ်ဝမ်းသာပီတိဖြစ်လျက်ရှိနေကြသည်။

ထို့ကြောင့်ပင်နိုင်ငံတော်အကြီးအကဲ ပြန်လည်ရောက်ရှိမည့် နေပြည်တော် တပ်မတော်လေဆိပ်မှာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသူများနှင့် တိုး၍မျှမပေါက်နိုင်အောင်ရှိနေခဲ့သည်။ တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ နေကြသည်။ လေဆိပ်လေယာဉ်အဆင်းမှ VIP ဆောင်ထိလည်း သောင်းသောင်းဖြဖြ ကြိတ်ကြိတ်သည်းသည်း။ တပ်မတော်လေဆိပ်မှ အဝိုင်းနေရာထိလည်း လမ်းဘေးဝဲယာတစ်လျှောက် လူအုပ်အစဉ်အတန်းကြီးမှာ အဆက်ပြတ်သွားသည်မရှိဘဲ ခရီးစဉ်အတွင်း စွမ်းစွမ်းတမံ လှုပ်ရှားဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ရုပ်ပုံများကို ကိုင်ဆောင်၍ လည်းကောင်း၊ ဆုမွန်ကောင်းတောင်းပေးသည့် ကြွေးကြော်သံများကို သံပြိုင်ညီညီဟစ်ကြွေး၍ လည်းကောင်း၊ ရိုးရာအကအလှ၊ အတီးအမှုတ်များဖြင့်လည်းကောင်း နိုင်ငံတော်အကြီးအကဲကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုကြသည်။ ထိုမြင်ကွင်းကျယ်ကြီးမှာ ပီတိဖြင့် ဖုံးလွှမ်း၍ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ ခရီးမိုင်ပေါင်း သောင်းနှင့်ချီ၍ ခရီးနှင်ခဲ့သော နိုင်ငံတော်အကြီးအကဲကလည်း ကားမှန်ကိုချ၍ လက်ပြလျက်အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်သည်။ မိမိနိုင်ငံသားများ၏ စေတနာစိတ်ဖြင့်ကြိုဆိုမှုများကို နိုင်ငံတော်အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်ခြင်းပါပင်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ကြိုးပမ်းဆောင်ရွက်ချက်များမှာ အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများစွာဖြင့် ရှေးရှူဦးတည်လျက်ရှိသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တစ်ဆင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများ အပါအဝင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် တက်ရောက်ခြင်း၊ သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း စသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ထပ်မံ၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။ (၉-၃-၂၀၂၅)

နိုင်ငံတော်အကြီးအကဲမှာ ထိုသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်သန်မျှော်မှန်း၍ မတ်လ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်မျှကာလအတွင်းမှာပင် နိုင်ငံသုံးနိုင်ငံအတွင်းရှိ မြို့ကြီး ခြောက်မြို့သို့ ခရီးအကွာအဝေးအားဖြင့် မိုင်ပေါင်း ၁၀၂၇၉ မိုင်အား အပူချိန် အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်အထိ ရာသီဥတုကွာခြားလျက်ရှိသော အခြေအနေမျိုးမှာပင် တစ်နေရာမှတစ်နေရာ၊ ဟိုမှသည်သို့ ကူးလူးသွားလာ၍ မမောမပန်းနိုင်ဘဲ စွမ်းစွမ်းတမံ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း နေ့မအား ညမနားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှု မြှင့်တင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ ထိုသို့သောကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပင် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေသော ချစ်ကြည်ရေးခရီးစဉ် သတင်းစကားကို စောင့်မျှော်နေကြသည့် နိုင်ငံသူ နိုင်ငံသားတို့၏ ရင်တွင်းကိုယ်စီ၌ ပိုမိုအားကောင်းသော မျှော်လင့်ချက်ရောင်စဉ်တန်းများ လင်းလက်တောက်ပလာခဲ့ရသည်။

သို့ဖြစ်ရကား နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများမှာ သမိုင်းစဉ်တစ်လျှောက် အမိနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ဥယျာဉ်ကြီးအတွင်း အောင်မြင်မှု အသီးအပွင့်များအဖြစ် **“ပွင့်ပန်းရာထောင် ရနံ့ဆောင်သို့”** သင်းပျံ့ကြိုင်လှိုင်နေတော့မည် ဖြစ်ပါသတည်း။ ။

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်နှင့် (၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ



**နေပြည်တော် မတ် ၁၃**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ (၂၅)နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို ယမန်နေ့ညပိုင်းတွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူသံဃသန္နိပါတကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ပါမောက္ခ/ ကထိက ဆရာတော်များ၊ ကျောင်းထိုင်/ ကျောင်းပိုင် ဆရာတော်၊ ဆရာကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ မဟာပဏာမ သုံးကြိမ် ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ဓမ္မဒူတဆေကိန္ဒာရာမ တက္ကသိုလ်၏ပါမောက္ခချုပ်၊အဂ္ဂမဟာကမ္မဋ္ဌာနစရိယဆရာတော် ဘဒ္ဒန္တဆေကိန္ဒ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စ်ဖို့ဒ် ဆရာတော် ပါမောက္ခ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၊ သီတဂူဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ကျောင်းအုပ်ဆရာတော်များ၊ အခြားသီလရှင် ဗုဒ္ဓတက္ကသိုလ်များမှ သီလရှင်ဆရာကြီးများက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ငွေရတုသဘင်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘွဲ့ခံကျောင်းသား ကျောင်းသူများကို ပညာရေးဆိုင်ရာ အသိပညာဗဟုသုတများကို မျှဝေပို့ချကြသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက နိဂုံးချုပ်ဆုံးမဩဝါဒမိန့်ကြားပြီး သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်၏ (၂၅) နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို သီတဂူအဓိဋ္ဌာန်ရွတ်ဆို၍ ရုပ်သိမ်းခဲ့သည်။

ထို့ပြင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ (၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သီတဂူသံဃသန္နိပါတ ကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ တက္ကသိုလ် ပညာရေးအဖွဲ့ဝင် ဆရာတော်များ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် ဘွဲ့ခံကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

ဦးစွာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိ ဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ပါမောက္ခ/ကထိက ဆရာတော်များ၊ ကျောင်းထိုင်/ ကျောင်းပိုင် ဆရာတော်၊ ဆရာကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက နမောတဿမဟာပဏာမ သုံးကြိမ် ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူအဓိပတိ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက အဖွင့်ဩဝါဒကထာ မိန့်ကြားသည်။ ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ပါမောက္ခချုပ်၊ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပါမောက္ခချုပ် ဆရာတော်ကြီး၏ဩဝါဒကထာကို လက်ထောက်ပါမောက္ခချုပ် ဆရာတော်က ဖတ်ကြားသည်။ ယင်းနောက် ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဗုဒ္ဓဒေသနာ ပါရဂူ PhD ဘွဲ့ရ နှစ်ဦး၊ ဗုဒ္ဓဒေသနာ မဟာဝိဇ္ဇာ MA ဘွဲ့ရရှိ ၈၆ ဦးနှင့် ဗုဒ္ဓဒေသနာ ဝိဇ္ဇာ BA ဘွဲ့ရရှိသူ ၂၅၉ ဦး စုစုပေါင်း ၃၄၇ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူအဓိပတိ ဆရာတော်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဘွဲ့တံဆိပ်များကိုသုံးစွဲခွင့်ပြုခဲ့ပြီး သီတဂူ ကျောင်းသား ကျောင်းသူများထားရှိရမည့် ခံယူချက် ၁၅ ချက်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ပညာရေးအဖွဲ့ဝင် ဒေါက်တာဘဒ္ဒန္တတိက္ခသာရက ဦးဆောင်၍ ဘွဲ့ရကျောင်းသား ကျောင်းသူများက သံပြိုင်ရွတ်ဆိုကြသည်။ ထို့နောက် အဝေးရောက် ဘွဲ့အပ်နှင်းခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သီတဂူအဓိပတိ ဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်တို့က ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ပါမောက္ခ/ကထိက ဆရာတော်များ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သီတဂူအဓိဋ္ဌာန်ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် မတ်တပ်ရပ်ရွတ်ဆို၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှလာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၂ ဒသမ ၅ သန်းပြည့်မြောက်သည့် ဘုရားဖူးလာပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။



ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ဩဂုတ် ၈ ရက်မှစ၍ ဘုရားဖူးပြည်သူ အများအပြားနေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့အထိ ဘုရားဖူးလာသူ ပြည်သူ ၂ ဒသမ၅ သန်းကျော်အနက်မှ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ ဒေါ်သန်းသန်းဌေး သည် မိသားစုများနှင့်အတူ ဘုရားဖူးလာရောက်ရာမှ ဦးရေ ၂ ဒသမ ၅ သန်းပြည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၂ ဒသမ ၅ သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်မှ ဒေါ်သန်းသန်းဌေးနှင့် မိသားစုများအား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒေါ်သန်းသန်းဌေး မိသားစုသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။ ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ ၂ ဒသမ ၅ သန်းမြောက် ဘုရားဖူးပြည်သူဖြစ်လာရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုနှင့်အညီ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ၂ ဒသမ ၅ သန်းမြောက် ဘုရားဖူးပြည်သူ ဒေါ်သန်းသန်းဌေးအား ဓမ္မလက်ဆောင်အဖြစ် ဉာဏ်တော် ၉ လက်မအမြင့်ရှိ စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော် တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်း ဓာတ်ပုံတစ်ပုံ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သမိုင်းကြောင်း စာအုပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၂ဒသမ ၅ သန်းပြည့်မြောက်သူ ဘုရားဖူးပြည်သူ ဒေါ်သန်းသန်းဌေးနှင့် မိသားစုဝင်များ၏ ကြည်နူးပီတိစကားသံများကိုလည်း ယခုလို ကြားသိရပါသည်-



ဒေါ်သန်းသန်းဌေး

"မာရဝိဇယ ဘုရားကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဖူးချင်တာလည်းကြာပါပြီ။ အကျိုးအကြောင်းမညီတဲ့အတွက် နေ့ထူးနေ့မြတ်ကြီးမှာ လာရောက်ဖူးမြော်ရတဲ့အတွက် အလွန်ဝမ်းသာကြည်နူးမိပါတယ်။ ဒီလိုနေ့ထူးနေ့မြတ်ကြီးမှာ ထူးခြားတဲ့ဘုရားကြီးကို လာရောက်ဖူးမြော်ရတဲ့အတွက် ဝမ်းသာပီတိတွေလည်း ဖြစ်မိပါတယ်။ တစ်ခါမှ မမြင်ဖူးတဲ့အတွက် ဒီဘုရားကြီးရဲ့မြင်ကွင်းကို မြင်ရတဲ့အတွက် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကြည်ညိုမိပါတယ်။ ဒီဘုရားကြီးကို လာရောက်ဖူးမြော်တဲ့အချိန် မထင်မှတ်ပဲနဲ့ ဘယ်ကလာတယ် မေးတော့ ရန်ကုန်ကပါဆိုပြီး တကူးတက ပင့်ဖိတ်ပြီးတော့ ဘုရားရဲ့ ၂ ဒသမ ၅ သန်းပြည့် ကံထူးရှင်ဖြစ်တဲ့အတွက် အံ့ဩဝမ်းသာပီတိဖြစ်ပြီး ထူးထူးခြားခြားလေး ရင်ထဲမှာလည်း ခံစားရပါတယ်" ဟု ဆိုသည်။

"ဒီလိုမျိုးကြုံတွေ့ရမယ်။ ဒီလိုမျိုး ဘုရားကိုကံစမ်းမဲရမယ်လို့ မထင်ထားပါဘူး။ အခုလိုမျိုးရတဲ့အတွက် အတိုင်းမသိ အလွန်ဝမ်းသာပါတယ်။ ဒီကိုလာတဲ့အတွက်လည်း ကံလည်းကောင်းပါတယ်။ ဖူးမြော်ချင်တာက ဖွင့်တဲ့အချိန်ကစပြီး ဖူးချင်တာပါ။ အခုမှ ပိတ်ရက်နဲ့ ကြုံကြိုက်ပြီး လာရောက် ဖူးမြော်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု မိသားစုဝင်တစ်ဦးက ပြောသည်။

**သတင်းစဉ်**



မိသားစုဝင်တစ်ဦး

# ပဲခူးတိုင်းဒေသကြီးအတွင်းမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

ပဲခူး မတ် ၁၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ယနေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ ဆရာတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက ကြွရောက်လာသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်၊ ပဲခူးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ပဲခူးမြို့ ဥသျှောင်သီရိစာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယ အရှင်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ အုတ်ဖိုမြို့ ရွာမရပ်ကွက် ဝါဆိုဦးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုလန္ဒ မဟာထေရ်မြတ်က သမ္ဗောဒနီယသြဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သီလရှင် ဆရာကြီးများအား တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာစရာလင်္ကာဘိဝံသ အရှင်မြတ်ထံမှ ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး ကြွရောက်လာကြသည့် ဆရာတော်များနှင့် သီလရှင်ဆရာကြီးတို့အား ဆွမ်းဆန်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရရှိမှုမှာ မဟာဂန္ထဝါစကပဏ္ဍိတ ခြောက်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ကိုးပါး၊ မဟာကမ္မဋ္ဌာနာစရိယ သုံးပါး၊ ဂန္ထဝါစကပဏ္ဍိတ ကိုးပါး၊ သဒ္ဓမ္မဇောတိကဓဇ ခုနစ်ပါး၊ ကမ္မဋ္ဌာနာစရိယ နှစ်ပါး၊ သီဟသူမဓမ္မသိင်္ဂီ တစ်ဦး စုစုပေါင်း ရဟန်း/သံဃာ ၃၂ ပါး၊ သီလရှင်လေးပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့ ရရှိကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ညောင်တုန်းမြို့၌ (၁၅၉)ကြိမ်မြောက် သမိုင်းဝင်မိုးဟုတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ဆွမ်းဆန်တော် စုပေါင်းလောင်းလှူပွဲကျင်းပ

ညောင်တုန်း မတ် ၁၃

ညောင်တုန်းမြို့၏မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် မြို့ဦးမိုးဟုတ် စေတီတော်မြတ်ကြီး၏ (၁၅၉) ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ဆွမ်းဆန်တော် လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်ကြီး ရင်ပြင်၌ ကျင်းပသည်။



စုပေါင်း လောင်းလှူပွဲသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ မြို့ပေါ်ဘုန်းကြီးကျောင်းနှင့် ကျောင်းတိုက် ၇၈ တိုက်မှ သံဃာတော်များနှင့် သီလရှင် ၂၂၅ ပါးကျော် ကြွရောက်တော်မူပြီး ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ညောင်တုန်းမြို့နယ်သူ မြို့နယ်သားများ၊ ရန်ကုန်မြို့ရောက် ညောင်တုန်းမြို့နယ် အသင်းသားများ၊ စေတနာ ရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော် လှူဒါန်းငွေကျပ် စုစုပေါင်း သိန်း ၁၉၀ ကျော်နှင့် လှူဖွယ်ပစ္စည်းများအား စုပေါင်းလာရောက် လှူဒါန်းကြကြောင်း သိရသည်။ လှူဒါန်းမှုအစုစုတို့အတွက် မြို့နယ်သံဃနာယက ဆရာတော် မဟာဝိသုတာရာမ တိုက်သစ်ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တ ဥတ္တမာဘိဝံသ ထံမှ ရေစက်ချအနုမောဒနာတရားနာကြား၍ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ရွှေပြည်သာမြို့နယ် အမှတ်(၂၅)ရပ်ကွက်၌ ပြည့်စုံပြည့်ဝဓမ္မဗိမာန် သုံးထပ်ကျောင်းဆောင်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၂၅)ရပ်ကွက်ရှိ ပြည့်စုံအေးမိုးကုတ်ရိပ်သာကျောင်းတိုက်၌ အလှူရှင်များ စုပေါင်းလှူဒါန်းဆောက်လုပ်ထားသော ပြည့်စုံပြည့်ဝဓမ္မဗိမာန် သုံးထပ်ကျောင်းဆောင်ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ပြည့်စုံအေးဆရာတော်ဘဒ္ဒန္တသောဘန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ သိန်း ၁၀၀၀ မတည်အလှူရှင် ဦးထွန်းမင်းလတ်+ဒေါ်အေးမြင့်ခိုင် သား မောင်ကျော်သူထွန်း၊ သမီး မစုမွန်အောင်၊ မဆုရတနာအောင်(AMK Mobile) မိသားစုနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ပြည့်စုံပြည့်ဝဓမ္မဗိမာန် သုံးထပ်ကျောင်းဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည့်စုံပြည့်ဝဓမ္မဗိမာန်သုံးထပ်ကျောင်းဆောင်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဦးသိန်းလှိုင်၊ ဦးညွန့်ဝင်း၊ မတည်အလှူရှင်မိသားစုများ၊ တေးသံရှင်မေသက်ထားဆွေနှင့် ကျောင်းအကျိုးတော်ဆောင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**



# သထုံမြို့နယ်၌ (၇၆)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အခမ်းအနားကျင်းပ

သထုံ မတ် ၁၃

မွန်ပြည်နယ်အဆင့် (၇၆) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားကို မတ် ၁၃ ရက် နံနက်က သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသားဗိမာန်တော်၌ ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ဦးဆောင်၍ စည်ကားစွာ ကျင်းပသည်။



ဦးစွာ ပအိုဝ်းအမျိုးသားနေ့ မှခ်ဦးအား ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO) နာယက ဝဏ္ဏကျော်ထင် ဖြားတန်ခွန်ဥက္ကာ၊ မွန်ပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခင်မောင်ဦး၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ခွန်သန်းထူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးထံမှ (၇၆) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ဖတ်ကြားသည်။

ယင်းနောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းကပေးပို့သည့် သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ဗဟို)မှပေးပို့သည့် သဝဏ်လွှာအား ကျင်းပရေးကော်မတီဝင် ခွန်အောင်သန်းတို့က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ပအိုဝ်းအမျိုးသားနေ့ ကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်ရာ ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ

❖ *ကျောဖုံးမှ*

အချိန်ပို မိနစ် ၃၀ တွင်လည်း တစ်ဖက်နှင့်တစ်ဖက် ပြတ်သားသည့် ရလဒ်ထွက်ပေါ်အောင် ကစားထားနိုင်ခြင်းမရှိသည့်အတွက် ပယ်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရသည်။ ပယ်နယ်တီအဆုံးအဖြတ်တွင် ရီးရဲမက်ဒရစ်က လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သောကြောင့် နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းက ရီးရဲမက်ဒရစ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြတ်သားသည့် နိုင်ပွဲဖော်ဆောင်နိုင်ခြင်းမရှိခဲ့ပေ။ အခြားပွဲစဉ်ရလဒ်များတွင် ဒေါ့မွန်က လိုင်လီကို နှစ်ဂိုး-တစ်ဂိုး၊ အက်စတွန်ဗီလာက ကလပ်ဘရုဂ်ဂေးကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး အာဆင်နယ်နှင့် ပီအက်စ်ဗွီအသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ မတ် ၁၃ ရက် နံနက်က ချန်ပီယံလိဂ်ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဒေါ့မွန်၊ အာဆင်နယ်၊ အက်စ်တွန်ဗီလာ၊ ရီးရဲမက်ဒရစ်အသင်းတို့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များတွင် အာဆင်နယ်က ရီးရဲမက်ဒရစ်၊ ပီအက်စ်ဂျီက အက်စတွန်ဗီလာ၊ ဘိုင်ယန်မြူးနစ်က အင်တာမီလန်၊ ဘာစီလိုနာက ဒေါ့မွန်အသင်းတို့ ဆုံတွေ့နေသည်။ **အောင်ဇော်**

# ပါကစ္စတန်၌ ရထားပြန်ပေးဆွဲမှုအတွင်း ခရီးသည် ၂၁ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးနှင့် အကြမ်းဖက်သမား ၃၃ ဦးသေဆုံး

**အစ္စလာမ္မာဘတ် မတ် ၁၃**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချစ္စတန်ပြည်နယ်၌ ရထားပြန်ပေးဆွဲမှုအတွင်း ခရီးသည် ၂၁ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးနှင့် အကြမ်းဖက်သမား ၃၃ ဦးသေဆုံးခဲ့သည်ဟု ပါကစ္စတန်တပ်မတော်၏ မီဒီယာအဖွဲ့အစည်းဖြစ်သော (အိုင်အက်စ်ပီအာ) က မတ် ၁၂ ရက် ညပိုင်းတွင် သတင်းထုတ်ပြန်သည်။ ဘလိုချစ္စတန်ပြည်နယ် ကွစ်တာမြို့မှ ပတ်ရှ်ဝါမြို့သို့ပြေးဆွဲသည့် ဂျက်ဖာအမြန်ရထားကို မတ် ၁၁ ရက်တွင် အကြမ်းဖက်သမားများက ပြန်ပေးဆွဲတိုက်ခိုက်ခဲ့သည်။

အကြမ်းဖက်သမားများသည် ရထားလမ်းကို ဖောက်ခွဲဖျက်ဆီးခဲ့ပြီး ရထားကိုထိန်းချုပ်ကာ အမျိုးသမီးများနှင့် ကလေးများအပါအဝင် ခရီးသည်များကို ပြန်ပေးဆွဲခဲ့သည်ဟု အိုင်အက်စ်ပီအာက ဖော်ပြထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ချက်ချင်းတုံ့ပြန်တိုက်ခိုက်ခဲ့ရာ အသေခံဗုံးခွဲသမားများ အပါအဝင် အကြမ်းဖက်သမား ၃၃ ဦးကို ရှင်းလင်းနိုင်ခဲ့သည်။ သို့သော်လည်း အပြင်းအထန်ထိပ်တိုက်ရင်ဆိုင်မှုတွင် အကြမ်းဖက်သမားများကြောင့် အပြစ်မဲ့သည့် ခရီးသည် ၂၁ ဦးသေဆုံးခဲ့ရသည်ဟု အိုင်အက်စ်ပီအာတွင် ဖော်ပြထားသည်။

အဆိုပါဒေသတွင် ရှင်းလင်းရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူများကို တရားမျှတစွာ အရေးယူမည်ဖြစ်ကြောင်း အိုင်အက်စ်ပီအာတွင် ဖော်ပြခဲ့သည်။ ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒရီနှင့် ဝန်ကြီးချုပ် ရှာဘတ်ရှာအစ်ဖ်တို့သည် အဆိုပါတိုက်ခိုက်မှုကို ပြင်းထန်စွာ ရှုတ်ချခဲ့ပြီး အသက်ဆုံးရှုံးသွားရသူများအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှု၏လက်သည်မှာ ဘလိုချစ္စတန် လွတ်မြောက်ရေးအဖွဲ့ဖြစ်ကြောင်း ယင်းအဖွဲ့အစည်းက ကြေညာခဲ့သည်။ **ဆင်ဟွာ**



လုံခြုံရေးတပ်ဖွဲ့ဝင်များ ကယ်တင်လာသည့် ခရီးသည်များကို တွေ့ရစဉ်။

# ကုလသမဂ္ဂအဖွဲ့အစည်းအတွင်း ကုန်ကျစရိတ်များကို လျှော့ချမည်ဟု ဂူတာရက်ဇ်ပြော

**ဂျီနီဗာ မတ် ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ဖိအားများကြားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်က ၎င်းအဖွဲ့အစည်းအတွင်း ကုန်ကျ စရိတ်များကို လျှော့ချမည်ဟု ကတိပြုခဲ့သည်။



ကုလသမဂ္ဂ၏ မှုဝေမှုတန်ဖိုးများကို မြှင့်တင်နေချိန်တွင် မိမိတို့သည် ငွေတန်ဖိုးကို အလေးထားရမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ကုလသမဂ္ဂတည်ထောင်ခြင်း နှစ် (၈၀) ပြည့်အခမ်းအနားတွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂသည် အနည်းဆုံး ခုနစ်နှစ်တာ ကာလအတွင်း ငွေဖြစ်လွယ်မှု အကျပ်အတည်းကို ရင်ဆိုင်ခဲ့ရကြောင်း ဂူတာရက်ဇ်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံး ၎င်းတို့၏ထည့်ဝင်မှုများကို အပြည့်အဝသို့မဟုတ် အချိန်မီ ထည့်ဝင်ခြင်းမရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုသည် ကုလသမဂ္ဂအတွက် အကြီးမားဆုံး ထည့်ဝင်သူဖြစ်သည်။ သို့သော်လည်း အမေရိကန်သည်သာပထမဆိုသည့် မူဝါဒကြောင့် ထရမ့်သည် ကုလသမဂ္ဂအပေါ် သဘောထားပြောင်းခဲ့ပြီး နိုင်ငံခြားအကူအညီများကို ဖြတ်တောက်ခဲ့သည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (ယူဆက်) သည် အစီအစဉ်အားလုံး၏ ၈၀ ရာခိုင်နှုန်းကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အမေရိကန် အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အခြေအနေနှင့် ပတ်သက်ပြီး စိုးရိမ်လျက်ရှိကြောင်း ကုလသမဂ္ဂအဆင့်မြင့် အရာရှိများက ဖော်ပြခဲ့ကြသည်။

မစ္စတာထရမ့် အမေရိကန်သမ္မတဖြစ်လာခြင်းသည် ၎င်း၏ သမ္မတသက်တမ်း အတွင်း ထိရောက်သော အားထုတ်မှုများဖြစ်စေရန် အရေးတကြီးလုပ်ရပ်များနှင့် ကြီးပွားတိုးတက်လိုစိတ်များကို တိုးတက်ဖြစ်ထွန်းစေခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ရေကြီးနစ်မြုပ်မှုကြောင့် လူ ၈၀ ထက်မနည်း သေဆုံး

**ကဘူးလ် မတ် ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုနှင့် နှင်းထူထပ်စွာ ကျရောက်မှုကြောင့် လူပေါင်း ၈၀ ထက်မနည်းသေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိကြောင်း မတ် ၁၂ ရက် နှောင်းပိုင်းက ပြည်တွင်းမီဒီယာ တစ်ခုတွင် ဖော်ပြထားသည်။



အာဖဂန်နစ္စတန် နိုင်ငံတစ်ဝန်း သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပွားခဲ့ပြီး လူနေအိမ် ၁၈၀၀ ကျော်မှာ လုံးဝ သို့မဟုတ် တစ်စိတ်တစ်ပိုင်း ပျက်စီးပြိုကျခဲ့ကြောင်းနှင့် လယ်ယာမြေဧက ၃၀၀၀ မျှောပါပျက်စီးခဲ့ကြောင်း အမျိုးသားသဘာဝဘေး အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မူလာ့ဂျန်နန်ဆိခ်က ပြောကြားသည်။

လွန်ခဲ့သည့် တစ်လကျော်က မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ နှင်းထူထပ်စွာ ကျရောက်ခြင်းနှင့် ရုတ်တရက် ရေကြီးခြင်းတို့မှာ အာဖဂန်နစ္စတန်နိုင်ငံ နေရာအများစုအထူးသဖြင့် အနောက်ပိုင်း ပြည်နယ်တို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂျပန်အာကာသယာဉ်မှူး လိုက်ပါမည့် အာကာသယာဉ်လွှတ်တင်မှု နာဆာရွှေ့ဆိုင်း

**တိုကျို မတ် ၁၃** – ဂျပန်အာကာသယာဉ်မှူး အိုနီရှီတာကူယာအပါအဝင် အဖွဲ့တစ်ဖွဲ့လိုက်ပါမည့် အမေရိကန် ကုမ္ပဏီစပေ့စ်အိတ်က်၏ ခရူးဒရက်ကွန်ဒုံးပျံကို မတ် ၁၃ ရက် ဒေသစံတော်ချိန် ည ၈ နာရီမတိုင်ခင် ဖလော်ရီဒါပြည်နယ်ရှိ နာဆာ၏ ကနေဒီအာကာသစခန်းမှ နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း လွှတ်တင်ချိန်မတိုင်မီ မိနစ် ၄၀ ခန့်အလိုတွင် ဒုံးပျံအတွက် မြေပြင်ထောက်ကူလက်တံစနစ် ချွတ်ယွင်းချက်ကြောင့် လွှတ်တင်မှုကို နာဆာက ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ လတ်တလောတွင် ဒုံးပျံနှင့် အာကာသယာဉ်အတွက် နာဆာနှင့် စပေ့စ်တို့မှ တာဝန်ရှိသူများသည် ပြဿနာနှင့်ပတ်သက်သည့် အကြောင်းရင်းကို ရှာဖွေလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေး အာရပ်နိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန် သံတမန်တို့ တွေ့ဆုံ

**ဒိုဟာ မတ် ၁၃**

အာရပ်နိုင်ငံများ ကျောထောက်နောက်ခံပြုထားသည့် ဂါဇာဒေသ ပြန်လည်တည်ဆောက်ရေးအတွက် အာရပ်နိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်အထူးသံတမန် စတိဗ်ဝပ်ကော့ဖ်တို့ မတ် ၁၂ရက်က ဒိုဟာမြို့၌ တွေ့ဆုံခဲ့ကြသည်။ ကာတာ ၊ ဂျော်ဒန် ၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် ယူအေအီးနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ အထူးကော်မတီမှ အထွေထွေအတွင်းရေးမှူးတို့က အမေရိကန်အထူးသံတမန် စတိဗ်ဝပ်ကော့ဖ်ထံ ၎င်းတို့၏ ပြန်လည်တည်ဆောက်ရေးအစီအစဉ်ကို ဖော်ပြဆွေးနွေးခဲ့ကြသည်ဟု ကာတာနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးကို စတင်ရန်အရေးကြီးကြောင်း အာရပ်ဝန်ကြီးများက အလေးနက်ထားဆွေးနွေးခဲ့ကြသည်။ မတ်၄ ရက်က ကိုင်ရိုမြို့၌ ပြုလုပ်ခဲ့သော အာရပ်ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည့် ဂါဇာပြန်လည်တည်ဆောက်ရေးအစီအစဉ်သည် အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံကုန်ကျမည်ဖြစ်သည်။ ထို့ပြင် ဂါဇာဒေသမှပြည်သူများကို မည်သည့်နေရာကိုမျှ ရွှေ့ပြောင်းခြင်း မပြုဘဲ ပြန်လည်တည်ဆောက်ရေးပြုလုပ်ရန် ရည်ရွယ်ထားသည်။

အဆိုပါအစီအစဉ်သည် ဂါဇာဒေသပြည်သူများကို အီဂျစ်နှင့် ဂျော်ဒန်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ကိုင်မည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ယခင်အဆိုပြုချက်နှင့် ဆန့်ကျင်ဘက်ပင်ဖြစ်သည်။ **ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံသို့ ယခုနှစ်အတွင်း ကားအစီးရေ ၂၆၅၀၆ စီးတင်သွင်းနိုင်

**အူလန်ဘာတာ မတ် ၁၃**

၂၀၂၅ ခုနှစ် ပထမနှစ်လအတွင်း မွန်ဂိုလီးယားနိုင်ငံသို့ စုစုပေါင်းကား ၂၆၅၀၆ စီး တင်သွင်းနိုင်ခဲ့ရာ ယမန်နှစ်ကထက် ၆ ဒသမ ၅ ရာခိုင်နှုန်းတိုးလာကြောင်း မွန်ဂိုလီးယားနိုင်ငံ အကောက်ခွန်အထွေထွေရုံးမှ အချက်အလက်များကို ကိုးကားပြီး ပြည်တွင်းမီဒီယာက မတ် ၁၃ ရက်တွင် ထုတ်ပြန်ထားသည်။

အာရှနိုင်ငံဖြစ်သည့် မွန်ဂိုလီးယားနိုင်ငံသည် ယခုနှစ်အတွင်း ထရပ်ကား ၄၃၆၅ စီးကို တင်သွင်းနိုင်ခဲ့ရာ ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ထရပ်ကားတင်သွင်းမှုမှာ ၀ ဒသမ ၄ ရာခိုင်နှုန်းတိုးလာကြောင်း အချက်အလက်များအရ သိရသည်။ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့သည် နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ဖြင့် လူဦးရေမှာ ၃ ဒသမ ၅ သန်းရှိပြီး ယင်းမြို့ခံများသည် ယာဉ်ကြောပိတ်ဆို့မှု၊ လေထုညစ်ညမ်းမှုနှင့် အိမ်ပြဿနာများနှင့် ကြုံတွေ့နေရကြောင်း မွန်ဂိုလီးယားနိုင်ငံ မြို့တော်ဝန် ကက်ရှ်ဂီးနိုင်ရန်ဘာတာက ပြောကြားသည်။ **ဆင်ဟွာ**

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်

**နေပြည်တော် မတ် ၁၃**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော် ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲများနှင့် ဆွမ်း ဆန်စိမ်း လောင်းလှူပွဲများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာနေရာများ၌ပြုလုပ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

**ဆက်ကပ်ပူဇော်ချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက သမ္ဗောဒနီယသြဝါဒကထာ မြွက်ကြားပြီး ပရိတ်တရားများ ရွတ်ပွား ချီးမြှင့်တော်မူကြသည်။ ယင်းနောက် တာဝန်ရှိသူများက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘွဲ့ခံဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ချီးမြှင့်ကြသည်။ ယင်းနောက် သံဃာတော်များထံမှ အနုမောဒနာ တရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် စေတနာရှင် အလှူရှင်များက



သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာများ၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူ ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မကွေးမြို့၌ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝယ်ယူဖြည့်တင်းပေးခဲ့သည့် မီးသတ်ယာဉ်အသစ်လေးစီး လွှဲပြောင်းပေးအပ်ပွဲနှင့် စွမ်းရည်သရုပ်ပြသပွဲ ကျင်းပ



**မကွေး မတ် ၁၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၈၅၄ သန်းဖြင့် ဝယ်ယူဖြည့်တင်းပေးခဲ့သည့် မီးသတ်ယာဉ်အသစ်လေးစီး လွှဲပြောင်းပေးအပ်ပွဲနှင့် စွမ်းရည်သရုပ်ပြသပွဲကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ပြည်သူ့အားကစားကွင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က ဝယ်ယူဖြည့်တင်းပေးခဲ့သည့် မီးသတ်ယာဉ် အသစ်လေးစီးနှင့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန သန္နိမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် အသစ်လေးစီး၏ မီးငြိမ်းသတ်မှုစွမ်းရည် လက်တွေ့သရုပ်ပြသနေမှုများနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ယခုဘဏ္ဍာနှစ်တွင် ဝယ်ယူဖြည့်တင်းပေးခဲ့သည့် မီးသတ်ယာဉ်အသစ်လေးစီးနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခေတ်မီမီးငြိမ်းသတ်ရေးနှင့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများအပြင် ယာဉ်၊ စက်ယန္တရားကြီးများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ် အသုံးပြုနိုင်စေရန် အစဉ်အမြဲလေ့ကျင့်ပြီး စနစ်တကျ အသုံးပြုကာ ပြည်သူအကျိုးပြု လုပ်ငန်းများအား အလေးထား ဆောင်ရွက်ရေးမှာကြားခဲ့သည်။

**မောင်မောင်(မင်းဘူး)**

❒ *ကျောဖုံးမှ*

လောကရန်နိုင်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့ နံနက်ပိုင်းမှ စတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ တရားသဘင်များကျင်းပခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္တုကံတော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း ရှင်လူ၊ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသည့် ဂန္ဓကုဋီ တိုက်တော်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်ကိုလည်း တွေ့မြင်ရသည်။

ယင်းနောက် ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အအုံများကို စိတ်ဝင်စားစွာ ဖူးမြော်လေ့လာ ကြည်ညိုကြသည်။

အလားတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဗုဒ္ဓဘာသာဝေလေ့ထုံးတမ်းများနှင့်အညီ ပရိတ်တရားတော်၊ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ပွားပူဇော်ကြကာ ဆီမီး ၃၀၀၀ ပူဇော်ပွဲကို ကျင်းပကြပြီး ကုသိုလ်ဘာဝနာပွားများသူများ၊ ဆင်စာကျွေးသူများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များတွင် လက်ဆောင်ပစ္စည်းများ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိ၍ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ တပေါင်းကွင်း၌ မတ် ၇ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ ဂီတဖျော်ဖြေရေးအဖွဲ့များက အခမဲ့ဖျော်ဖြေတင်ဆက်ကြပြီး ဘုရားဖူးလာပြည်သူများ၊ လာရောက်ကြည့်ရှုအားပေးကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရတနာဆင်ဖြူတော်များအား လာရောက်ကြည့်ရှုနေကြသူများဖြင့် စည်ကားလျက်ရှိစဉ်။



# အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်)၌ မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှု အခမ်းအနားကျင်းပ

**ကျိုက်လတ် မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်)တွင် ယမန်နေ့က မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှုအခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က အမှာစကားပြောကြားပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(ကျိုက်လတ်) မှ ကျောင်းသူလေးများက သနပ်ခါးလေးနဲ့ မောင့်ချစ်သူသီချင်းဖြင့် ကပြဖျော်ဖြေသည်။ ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်) ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ဟိန်းလတ်က မြန်မာ့ရိုးရာသနပ်ခါးအကြောင်းနှင့် ဆေးဖက်ဝင်ပုံအကြောင်း အသိပညာပေးဟောပြောဆွေးနွေးသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသားကျောင်းသူများက သနပ်ခါးလိမ်းခြယ်မှုကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြပြီး သနပ်ခါးနှင့် ပတ်သက်သော အသိပညာပေး ပြသထားရှိသည့် နံရံကပ်ပြဘုတ်များ၊ ဓာတ်ပုံများအား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လျစ်လျူရှုခံ ကျောက်သားပျက်သီး (Gac Fruit) သို့မဟုတ် ကောင်းကင်ဘုံမှ နတ်သစ်သီး

**စိုးဝင်း (BPEi YAU)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး သီးနှံမျိုးစုံ ပေါက်ရောက်စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေသဘာဝကို ပိုင်ဆိုင်ထားရှိပါသည်။

နိုင်ငံ၏စီးပွားဖြစ် သီးနှံအဖြစ် သီးနှံ ၁၀ မျိုးကို သတ်မှတ်ပြီး ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိပါသည်။ သီးနှံစုံ ပေါက်ရောက်ဖြစ်ထွန်းနေသည့် နိုင်ငံတွင် အချို့သော သီးနှံများမှာ အသုံးပြုမှုနည်းခြင်း၊ အသုံးပြုရန် မေ့လျော့နေကြခြင်း စသည်တို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်မှု မပြုလုပ်သေးသည့် သီးနှံများစွာ ရှိနေပါသည်။ ယင်းတို့အနက် ယခုရေးသားတင်ပြမည့် သီးနှံဖြစ်သော ကျောက်သားပျက်သီးလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

ကျောက်သားပျက်သီး (Gac fruit) သည် ကြက်ဟင်းခါးမျိုးနွယ်၊ ဘူး၊ ဖရုံ၊ သခွားများ ပါဝင်သည့် အပင်မျိုးနွယ် (Cucurbita) အုပ်စုဝင်တစ်ခုဖြစ်ပါသည်။ ယင်းသည် ကြက်ဟင်းခါးမျိုးများနှင့် မျိုးရင်း(Momordica)တူညီပြီး မျိုးစိတ်သာကွဲပြားခြားနားပါသည်။ အင်္ဂလိပ်အမည်အားဖြင့် GAC fruit ဟုခေါ်ပြီး နိုင်ငံဒေသအလိုက် အခေါ်အဝေါ်ကွဲပြားမှုများရှိပါသည်။ ကျောက်သားပျက်သီး၏ သိပ္ပံအမည်မှာ Momordica cochinchinensis Spreng ဖြစ်ပါသည်။

ကျောက်သားပျက်၏ မူရင်းဒေသမှာ အရှေ့တောင်အာရှဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံ စသည်တို့တွင် သဘာဝအတိုင်း ပေါက်ရောက်ပြီး ယခုကာလတွင် ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် စီးပွားဖြစ် စိုက်ပျိုးလာကြပါသည်။ မြန်မာနိုင်ငံတွင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၊ ကူမဲမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ကျေးရွာများတွင် သဘာဝ



ထိုင်းနိုင်ငံတွင် စီးပွားဖြစ် စိုက်ပျိုးထားသည့် ကျောက်သားပျက်သီးပင် စိုက်ခင်း။


အတိုင်း အရိုင်းပေါက်ရောက်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခုအထိ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း မရှိသေးပါ။

ကျောက်သားပျက်သီးအပင်သည် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါး စသည်တို့နည်းတူ တစ်နှစ်ခံ နွယ်ပင်အမျိုးအစားဖြစ်ပြီး ထိုင်းနိုင်ငံတွင် နှစ်ရှည်ပင်အဖြစ်လည်း စိုက်ပျိုးကြပါသည်။ ဘူး၊ ဖရုံအုပ်စုဝင်အပင်ဖြစ်သော်လည်း ကျန်သော ဘူးမျိုးနွယ်အပင်မျိုးများနှင့်မတူညီဘဲ အဓိကခြားနားချက်မှာ အဖိုပင်၊ အမပင် သီးခြားရှိသော အပင်မျိုးဖြစ်ပါသည်။ ပင်စည်သည် စပျစ်ကဲ့သို့ သစ်မာပါသော ပင်စည်အမျိုးအစားဖြစ်ပြီး ပင်ပိုင်းမျိုးပွားနိုင်သည့် အဓိကအချက်ဖြစ်ပါသည်။

အမြစ်သည် ရေသောက်မြစ်မကြီးအပြင် ပီလောပီနံကဲ့သို့ အစာသိုလှောင်မြစ် (tuberous roots )အဖြစ် ဖွဲ့စည်းတည်ရှိပြီး (rhizomes)ကဲ့သို့ တည်ရှိနေပါသည်။ ထိုအချက်က ကျောက်သားပျက်ပင်ကို နှစ်ရှည်အဖြစ် စိုက်ပျိုးနိုင်သည့် စွမ်းရည်ကို ရရှိစေပါသည်။ သဘာဝအတိုင်း ပေါက်ရောက်နေသည့် ကျောက်သားပျက်သီးပင်များတွင် နွေရာသီကဲ့သို့ ပူပြင်းခြောက်သွေ့ချိန်တွင် အရွက်များ၊ ပင်စည်များ ညှိုးကျသွားပြီး မိုးဦးကျအချိန်တွင် မြေအောက်ရှိ ကျန်ရှိနေသောအမြစ် rhizomes အစိတ်အပိုင်းမှ အညွန့်သစ်ထွက်ကာ အပင်အဖြစ် ကြီးထွားလာကြပါသည်။


ဤကဲ့သို့သော ဖြစ်ပေါ်မှုသည် ကျီးအာသီးပင်နှင့် ဆင်တူသည်ကိုလည်း တွေ့ရှိရပါသည်။ ကျောက်သားပျက်သီး၏ အရွက်မှာ ရွက်ခွပါသော ရိုးရိုးအရွက်အမျိုးအစားဖြစ်ပြီး ပင်စည် အကိုင်းတို့မှ ရွက်လွှဲပုံစံထွက်ရှိပါသည်။ စိုက်ပျိုးသည့် မျိုးပေါ်မူတည်၍ ရွက်ခွ သုံးခုမှ ငါးခုအထိ ပါရှိပါသည်။ ပန်းပွင့်မှာ အဖိုပွင့်၊ အမပွင့် သီးခြားရှိပါသည်။ ပန်းပွင့်ပြီး သန္ဓေအောင်ပြီးသည်မှ နှစ်လမှ သုံးလတွင် ရင့်မှည့်ပါသည်။ အသီးစတင်တည်ချိန်မှ ရင့်မှည့်သည်အထိ ကြာမည့်အချိန်မှာ မျိုးအပေါ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ရာသီဥတုပေါ်တွင်လည်းကောင်း မူတည်ပါသည်။







ကျောက်သားပျက်သီး၏ အရွက်၊ အပွင့် အသီးကင်း၊ အသီးမှည့်၊ အသီးဖျော်ရည်နှင့် ကျောက်သားပျက်သီးတွင် ပါဝင်သော အသီးအစိတ်အပိုင်းများ၊ (က) အသီးတစ်လုံးလုံးပုံ၊ (ခ) အသီးဖြတ်ပိုင်းပုံ။





ကျောက်သားပျက်သီး၏ အာဟာရဓာတ်တန်ဖိုးပါဝင်မှုပမာဏအား အခြားအသီးအနှံများနှင့် နှိုင်းယှဉ်ထားခြင်း။

အဝေးတင်ပို့မည်ဆိုပါက အသီးအဝါရောင်မှ အညှာထိပ်ပိုင်း လိမ္မော်ရောင်ပြောင်းချိန်တွင် ခူးဆွတ်နိုင်ပြီး ခူးပြီးချက်ချင်း အသုံးပြုမည်ဆိုပါက အသီးအနီရောင်ဖြစ်မှ ခူးဆွတ်ခြင်းသည် အာဟာရပါဝင်မှုအများဆုံးရရှိစေနိုင်ပါသည်။ အမပင်မှ တစ်ပင်ပါ အမပွင့်အရေအတွက် ၇၀ နှင့်အထက် ထွက်ရှိပါသည်။ အဖိုပင်သည် အမပင်ထက် ပန်းပွင့်ပိုများပါသည်။ အခြားသော ဘူး၊ ဖရုံများကဲ့သို့ပင် နံနက်ပိုင်းတွင်ပန်းပွင့်ပြီး ဝတ်မှုန်ကူးခြင်းကို ဖြစ်ပေါ်စေပါသည်။ အသီးမှာ ဆူးပါသောအသီးဖြစ်ပြီး ငယ်စဉ်တွင် အစိမ်းရောင်ရှိ၍ ရင့်မှည့်လာသည့်အခါ အဝါရောင်၊ လိမ္မော်ရောင်မှ အနီရောင်သို့ ပြောင်းလဲသွားပါသည်။ အသီးအရွယ်အစားမှာ ကျွဲကောသီးအလတ်စားအရွယ်ရှိပါသည်။ အတိုင်းအတာအားဖြင့် လုံးပတ် ခြောက်လက်မ အရွယ်ရှိပါသည်။ အသီး၏ ရုပ်သွင်ပြင်အရ အပိုင်းသုံးပိုင်း ပါဝင်ပါသည်။ အခွံ၊ အသား၊ အစေ့၊ အနှစ်ဟူ၍ ပုံတွင်ပြထားသည့်အတိုင်း ဖြစ်ပါသည်။ အဓိက အသုံးပြုသည့် အစိတ်အပိုင်းမှာ အစေ့နှင့် ကပ်နေသော အနီရောင်အနှစ်ဖြစ်ပါသည်။ ယခုအခါ အစေ့နှင့် ကပ်လျက် အနီရောင်အနှစ်သာမက အသားနှင့် အခွံကိုပါ အသုံးပြုလာကြပါသည်။

ကျောက်သားပျက်သီးကို ကောင်းကင်ဘုံမှ နတ်သစ်သီးဟု တင်စားခေါ်ဝေါ်ရခြင်းမှာ ဤအသီးတွင် လူတို့အတွက် အသုံးဝင်သည့် ကျန်းမာရေးကို အထောက်အကူပြုနိုင်သည့် အပင်ဇီဝဓာတ်ပေါင်းများစွာပါဝင်နေသောကြောင့်ဖြစ်ပါသည်။ အဓိက

> ❝ ကျောက်သားပျက်သီး အပင်သည် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါး စသည်တို့နည်းတူ တစ်နှစ်ခံ နွယ်ပင်အမျိုးအစားဖြစ်ပြီး ထိုင်းနိုင်ငံတွင် နှစ်ရှည်ပင်အဖြစ်လည်း စိုက်ပျိုးကြပါသည်။ ဘူး၊ ဖရုံ အုပ်စုဝင်အပင် ဖြစ်သော်လည်း ကျန်သော ဘူးမျိုးနွယ်အပင်မျိုးများနှင့် မတူညီဘဲ အဓိကခြားနားချက်မှာ အဖိုပင်၊ အမပင် သီးခြားရှိသော အပင်မျိုးဖြစ်ပါသည်။ ပင်စည်သည် စပျစ်ကဲ့သို့ သစ်မာပါသော ပင်စည်အမျိုးအစားဖြစ်ပြီး ပင်ပိုင်းမျိုးပွားနိုင်သည့် အဓိကအချက်ဖြစ် ❞

ပါဝင်သည့် ဓာတ်ပေါင်းအနေဖြင့် ဗိုက်တာမင် (အေ)၏ ကနဦးပစ္စည်းဖြစ်သည့် ဘီတာကယ်ရိုတင်းပင်ဖြစ်ပါသည်။ ဘီတာကယ်ရိုတင်းပါဝင်မှုမှာ ခါကြက်ဥတွင်ပါဝင်သည့် ပမာဏထက် အဆ ၂၀ သာလွန်ပါသည်။ ၎င်းအပြင် လိုင်ကိုပင်းဓာတ်မှာလည်း ခရမ်းချဉ်သီးတွင် ပါဝင်သည်ထက် အဆ ၇၀ ပါဝင်ပါသည်။ အခြားသော ဓာတ်ပေါင်းများအပြင် သက်စောင့်ဓာတ်များ၊ အန်တီ အောက်စီဒန့်ဟုခေါ်သည့် အိုမင်းခြင်းကို ကာကွယ်ပေးနိုင်သော သတ္တုပါဝင်ပါသည်။ ထို့အပြင် ဖလာဗိုနွိုက်၊ ဗိုက်တာမင်အီး၊ ဖီနော စသည့်ဓာတ်ပေါင်းများလည်း ပါဝင်ပါသည်။

ကျောက်သားပျက်သီးကို ဗီယက်နမ်နိုင်ငံတွင် ရိုးရာပွဲများ၊ မင်္ဂလာဆောင်နှင့် နှစ်ကူးပွဲ အခမ်းအနားများတွင် ဆန်နှင့်ရောချက်၍ (မြန်မာနိုင်ငံတွင် အုန်းထမင်းချက်သကဲ့သို့) စားသုံးကြပါသည်။ ဗီတာမင်အေ ချို့တဲ့သည့် ကလေးငယ်များကို ဤအသီးဖြင့် ချက်ထားသည့် အစားအသောက်များ ကျွေးမွေးခြင်းဖြင့် ဗီတာမင်အေချို့တဲ့မှုကို ကာကွယ်နိုင်သည်ကို လေ့လာသိရှိရပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၌ ကျောက်သားပျက်သီးအရွက်နှင့် အသီးခွံကို ရောင်ရမ်းသောအနာများတွင် အုံပေးခြင်းဖြင့် အရောင်သက်သာစေသည့်အတွက် ဆေးဖက်ဝင်အပင်အဖြစ် အသုံးပြုကြပါသည်။

ယခုနောက်ပိုင်းတွင် အစေ့နှင့် ကပ်နေသည့် အနှစ်သားကို ဖျော်ရည်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိပြီး ထိုင်းနိုင်ငံနှင့် အခြားသော နိုင်ငံများတွင် စီးပွားဖြစ်စိုက်ပျိုးကာ ထုတ်ကုန်ပစ္စည်းမျိုးစုံကို ထုတ်လုပ်ရောင်းချလျက် ရှိနေကြပြီဖြစ်ပါသည်။ အာဟာရဓာတ်တန်ဖိုးမြင့်မားစွာ ပါဝင်သည့် ဤအသီးကို အချို့နိုင်ငံများတွင် တိုးချဲ့စိုက်ပျိုးထုတ်လုပ်လာကြသကဲ့သို့ ဤအသီးနှင့် ပတ်သက်သည့် အာဟာရတန်ဖိုးပါဝင်မှုကို လွှမ်းမိုးသည့်အချက်များ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ အပါအဝင် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရာတွင် လုပ်ဆောင်ရမည့်အချက်များ စသည်တို့ကို သုတေသနများကို လုပ်ဆောင်လာကြကာ စိုက်ပျိုးထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေကြပြီဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကျောက်သားပျက်သီးပင်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အပူပိုင်းသီးနှံပင်ဖြစ်ပြီး စိုက်ပျိုးရန် အကောင်းဆုံးအပူချိန်မှာ ၂၅ မှ ၃၅ စင်တီဂရိတ်ဖြစ်ပါသည်။ အပူချိန်နိမ့်လွန်းမြင့်လွန်းပါက အပင်ဖြစ်ထွန်းမှုကို ထိခိုက်စေနိုင်ပါသည်။ ဆီးနှင်းကျခြင်းသည် ကျောက်သားပျက်ပင်ကို ထိခိုက်ပျက်စီးစေနိုင်သည့်အတွက် နှင်းကျမှုရှိသည့် ဒေသများတွင် စိုက်ပျိုးရန် မသင့်တော်ပါ။ စိုက်ပျိုးမည့်နေရာသည် နေရောင်ခြည်ကောင်းစွာရရှိရမည်ဖြစ်ပြီး အရိပ်ကျခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိပါ။ နေရောင်ခြည် တစ်နေ့ (၆-၈) နာရီ ရရှိမှုသည် အပင်ကြီးထွားမှု အကောင်းဆုံးကို ရရှိစေပါသည်။

ထို့ကြောင့် စိုက်ပျိုးရာတွင် နေရောင်ခြည် ကောင်းစွာရရှိစေရန် စင်တင်၍ စိုက်ပျိုးသင့်ပါသည်။ ကျောက်သားပျက်သီးပင်ကို မြေအမျိုးအစားမရွေး စိုက်ပျိုးနိုင်သော်လည်း မြေချဉ်ငန်အညွှန်းကိန်း ၆- ၇ ဒသမ ၅ ရှိသည့် ရေစီးဆင်းမှုကောင်းသည့် မြေမျိုးတွင် အကောင်းဆုံး စိုက်ပျိုးဖြစ်ထွန်းပါသည်။ အော်ဂဲနစ်ပစ္စည်းထက်သန်သော မြေမျိုးကို ပို၍ နှစ်သက်ပါသည်။ မိုးရေချိန်အနေဖြင့် ၁၅၀၀ မှ ၂၅၀၀ မီလီမီတာ ရွာသွန်းသည့် အနေအထားတွင် အသင့်တော်ဆုံးဖြစ်ပြီး တစ်နှစ် မိုးရေချိန် ၁၀၀၀-



ကျောက်သားပျက်သီး၏ အသားနှင့် အစေ့အနှစ်ကို ထုတ်ယူထားခြင်း။

၃၀၀၀ မီလီမီတာရသည့် ဒေသများတွင် ကောင်းစွာ စိုက်ပျိုးနိုင်ပါသည်။ ရေလိုအပ်မှုများသည့် သီးနှံဖြစ်ပြီး ခြောက်သွေ့ရာသီတွင် စိုက်ခင်းကို ရေလောင်းပေးရန် လိုအပ်ပါသည်။

သို့ရာတွင် ရေဝပ်ခြင်းကို ကြိုက်နှစ်သက်ခြင်းမရှိသဖြင့် ရေမများစေရန် ဂရုပြုသင့်ပါသည်။ ရေများပါက အမြစ်ပုပ်ပြီး အပင်သေခြင်းကို ဖြစ်စေနိုင်သည့်အတွက်ကြောင့်ဖြစ်ပါသည်။ စိုထိုင်းဆ လိုအပ်ချက်အနေဖြစ် အပင်ပတ်ဝန်းကျင်တွင် ၆၀-၈၀ ရာခိုင်နှုန်းသည် အပင်ကျန်းမာသန်စွမ်းကြီးထွားရန်အတွက် အကောင်းဆုံးအနေအထားဖြစ်ပါသည်။ ကျောက်သားပျက်သီးကို ပင်လယ်ရေမျက်နှာပြင်မှ မီတာ ၁၀၀၀ အထိမြင့်သည့် ဒေသများအထိ စိုက်ပျိုးနိုင်ပါသည်။ အထက်ဖော်ပြထားသည့် စိုက်ပျိုးရန်လိုအပ်ချက်များ ရှိသော်လည်း ကျောက်သားပျက်သည် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါး စသည်တို့နှင့် အပင်မျိုးစိတ်တူပြီး စိုက်ပျိုးရှင်သန်ပုံပါ တူညီသည့်အတွက် အလွယ်တွေးလျှင် ဘူး၊ ဖရုံ၊ ကြက်ဟင်းခါးစိုက်ပျိုးနိုင်သည့် ဒေသနေရာတိုင်းတွင် ဤကျောက်သားပျက်သီးပင်ကို စီးပွားဖြစ် စိုက်ပျိုးနိုင်ပါသည်။



ကျောက်သားပျက်သီးအား အာဟာရတန်ဖိုး တိုင်းတာရန် ပြင်ဆင်နေပုံ။

စိုက်ပျိုးပြုစုစောင့်ရှောက်မှုပုံစံမှာလည်း ဘူး၊ ဖရုံ၊ ကြက်ဟင်းခါးကဲ့သို့ပင်ဖြစ်ပြီး စိုက်ပျိုးရာတွင် ၎င်းတို့ထက်သာလွန်သည့်အချက်မှာ နှစ်ရှည်ခံပင်အဖြစ် စိုက်ပျိုးနိုင်ခြင်း၊ ရောဂါပိုးမွှားကျရောက်မှုနည်းခြင်း (သီးထိုးပိုးယင်သာ အဓိကဂရုပြုရပါသည်။)နှင့် အကြမ်းခံခြင်းတို့ဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမည်ဆိုပါက ခြံစည်းရိုး သီးနှံပင်အဖြစ် စိုက်ပျိုးနိုင်သကဲ့သို့ စီးပွားဖြစ် စိုက်ပျိုးမည်ဆိုပါကလည်း စိုက်ပျိုးနိုင်သည့်သီးနှံဖြစ်ပါသည်။

စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက သတိထားရမည့် အချက်တစ်ချက်ရှိပါသည်။ ကျောက်သားပျက်ပင်သည် အဖိုပင်၊ အမပင်သီးခြားရှိသည့် နှစ်ပင်ပေါင်း လိင်စုံအမျိုးအစားဖြစ်သည့်အတွက် ထိုအချက်သည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရာတွင် ထားရှိစိုက်ပျိုးရမည့် အဖိုပင်နှင့် အမပင်အချိုးကို သိရှိရန်မှာ အဓိကထားရမည့် အချက်ဖြစ်ပါသည်။ စီးပွားဖြစ်စိုက်ပျိုးမည့် စိုက်ခင်းအတွက် အဖိုပင်နှင့် အမပင်အချိုးမှာ ၁:၁၀ ရှိလျှင် လုံလောက်သော်လည်း စိုက်ပျိုးသည့်အခါ အဖိုပင်များ ပိုများနေသည်ကို ကြုံတွေ့ရသည့်အတွက် နောက်ပိုင်းတွင် ကျန်သည့် ဘူး၊ ဖရုံ၊ သခွား အပင်များကဲ့သို့ပင် လိင်စုံရရှိလာစေရန် မျိုးစပ်မွေးမြူခြင်းများ စတင်လုပ်ဆောင်နေပြီဖြစ်ပါသည်။

ထိုသို့ရရှိရန် ကြိုးပမ်းနေသောအနေအထားတွင် စီးပွားဖြစ် စိုက်ပျိုးသူများအနေဖြင့် လိုအပ်သည့် အမပင် အရေအတွက်ရရှိရန် မျိုးစေ့မှ မျိုးပွားခြင်းအစား အမပင်မှ အကိုင်းများ၊ မြေအောက်ပင်စည် (Rhizomes) များမှ ပင်ပိုင်းမျိုးပွားခြင်းဖြင့် မျိုးပွားယူက စိုက်ပျိုးနေကြပါသည်။ စီးပွားဖြစ် စိုက်ပျိုးသည့် စိုက်ခင်းတွင် ထိုင်းနိုင်ငံ၌ တစ်တန်းနှင့် တစ်တန်းကြား ၄-၅ မီတာခြားပြီး အတန်းတွင်းရှိ အပင်များကို တစ်ပင်နှင့် တစ်ပင် ၃-၄ မီတာခြား၍ စိုက်ပျိုးကြပါသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမည်ဆိုပါက ဘူးစိုက်သကဲ့သို့ သင့်တော်ရာ အကွာအဝေးထား၍ စိုက်ပျိုးနိုင်ပါသည်။

သီးနှံတစ်ခုကို တောင်သူများ စိုက်ပျိုးလာစေရန် အားပေးသည့် အဓိကအချက်မှာ ခိုင်မာသည့် ဈေးကွက် တည်ရှိခြင်းပင်ဖြစ်ပါသည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်သည့် နည်းပညာထွန်းကားပြီး MSME လုပ်ငန်းများ အားကောင်းလာစေရန် အဆိုပါလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်ကြမ်းများ စိုက်ပျိုးရန် လိုအပ်သကဲ့သို့ MSME လုပ်ငန်းနှင့် သက်ဆိုင်သည့် သီးနှံများစိုက်ပျိုးလာနိုင်ရန် ခိုင်မာသည့် ဈေးကွက်ရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံစီးပွားတိုးတက်စေရန် MSME လုပ်ငန်းကို အားပေးနေသည့် အချိန်အခါတွင် ကျောက်သားပျက်သီးမှ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းလုပ်ငန်းကို လေ့လာပြီး ထုတ်လုပ်မည်ဆိုပါက ကျောက်သားပျက် စိုက်ပျိုးခြင်း တိုးတက်လာပြီး တောင်သူများ ဝင်ငွေရစေသကဲ့သို့ နိုင်ငံစီးပွားလည်း တိုးတက်လာစေနိုင်မည်ဖြစ်ပါသည်။

ဥပမာအားဖြင့် FAME ကဲ့သို့သော ဆေးဝါးလုပ်ငန်းမှ ကျောက်သားပျက်သီးတွင် များပြားစွာပါဝင်သော ဗီတာမင်အေ ကနဦးဓာတ်ပေါင်းဖြစ်သည့် ဘီတာကယ်ရိုတင်းကို ထုတ်ယူပြီး ဗီတာမင်အေ ဆေးတောင့်ထုတ်လုပ်ရောင်းချပါက လုပ်ငန်းပိုမိုကျယ်ပြန့်လာနိုင်သည့်အပြင် ဗီတာမင်အေ ဆေးတောင့်ကို လွယ်ကူစွာဝယ်ယူနိုင်မည်ဖြစ်သည့်နည်းတူ ဆေးဝါးလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်း ကျောက်သားပျက်သီးကို စီးပွားဖြစ် စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် မြေကြီးမှ ရွှေသီးလာစေမှာ အမှန်ပင်ဖြစ်ပါသည်။

ထို့အပြင် စီးပွားဖြစ်စိုက်ပျိုး၍ ထွက်ရှိလာသည့် အသီးများကို ပြည်တွင်းတွင် ဖျော်ရည်လုပ်ငန်း၊ အလှကုန်လုပ်ငန်း စသည်တို့တွင် အသုံးပြုနိုင်သည့်အပြင် ပုံ (၈)တွင် ဖော်ပြထားသည့် ထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေနိုင်ပါသည်။ ထို့အပြင် ပြည်ပမှ ကျောက်သားပျက်သီးနှင့် ပတ်သက်သည့် အမှုန့်၊ အဆီ စသည့်ကုန်ကြမ်းဝယ်လိုအားမှာ မြင့်မားနေသည့်အနေအထားတွင် ရှိပါသည်။ သို့ရာတွင် ကျောက်သားပျက်သီးမှ ပါဝင်သော အာဟာရဓာတ်များ မပျက်စီးဘဲ အမှုန့်နှင့် အဆီထုတ်နိုင်ရန် နည်းပညာအကူအညီ လိုအပ်နေပါသေးသည်။ မည်သို့ပင်ဖြစ်စေ ကျောက်သားပျက်သီးကို ပြည်တွင်းတွင် အသုံးပြုရုံသာမက ပြည်ပသို့ပါ တင်ပို့နိုင်သည့် အခြေအနေတွင် ရှိနေသည့် အသီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အာဟာရဓာတ်ကြွယ်ဝ၍ ကျန်းမာရေးကို အထောက်အကူပြုစေနိုင်သည့် အာဟာရတန်ဖိုးမြင့်မားသည့် ကျောက်သားပျက်သီးကို စီးပွားဖြစ် စိုက်ပျိုးရန် လုပ်ဆောင်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



ဗီယက်နမ်နိုင်ငံတွင် ကျောက်သားပျက်အနှစ်ကို ဆန်နှင့် ရောနယ်ကာ ချက်ပြုတ်စားသုံးခြင်း။




ပုံ (၈)ကျောက်သားပျက်သီးအား အမျိုးမျိုးအသုံးပြုပုံ(အင်တာနက်မှ ပုံကို ကူးယူဖော်ပြထားခြင်းဖြစ်ပါသည်။)

**“ FAME ကဲ့သို့သော ဆေးဝါးလုပ်ငန်းမှ ကျောက်သားပျက်သီးတွင် များပြားစွာပါဝင်သော ဗီတာမင်အေ ကနဦးဓာတ်ပေါင်းဖြစ်သည့် ဘီတာကယ်ရိုတင်းကို ထုတ်ယူပြီး ဗီတာမင်အေ ဆေးတောင့်ထုတ်လုပ်ရောင်းချပါက လုပ်ငန်းပိုမိုကျယ်ပြန့်လာနိုင်သည့်အပြင် ဗီတာမင်အေ ဆေးတောင့်ကို လွယ်ကူစွာဝယ်ယူနိုင်မည်ဖြစ်သည့်နည်းတူ ဆေးဝါးလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်းကျောက်သားပျက်သီးကို စီးပွားဖြစ် စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် မြေကြီးမှ ရွှေသီးလာစေမှာ အမှန်ပင်ဖြစ် ”**

## ချောင်းဆုံမြို့နယ်၌ (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ဝင်းစိန်ရေထိန်းတံခါးဖွင့်ပွဲ ကျင်းပ



**ချောင်းဆုံ မတ် ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ တောင်သူများ နွေ၊ မိုး၊ ဆောင်း သီးနှံစိုက်ပျိုးနိုင်၍ စားရေရိက္ခာဖူလုံစေရန်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မွန်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောက်လုပ်ခဲ့သည့် ကရင်ဝင်းစိန်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကရင်ဝင်းစိန်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဘဏ္ဍာရေးနှစ်အလိုက် ချောင်းကော၊ မြောင်းကော၊ သဘာဝရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းများ၊ မြစ်ကမ်းပါး၊ ချောင်းကမ်းပါးရှိ တာတမံများပြုပြင်တည်ဆောက်ခြင်း၊ ပင်လယ်ဒီရေဝင်ရောက်နိုင်သော ဒေသများတွင် ရေငန်တားတာများနှင့် ရေတံခါးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေထိန်းတံခါးကိုလည်း ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် ဒေသခံများကလည်း တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကရင်ဝင်းစိန်ရေထိန်းတံခါးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကရင်ဝင်းစိန် ရေထိန်းတံခါး အသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ (ဓာတ်ပုံ)

အဆိုပါ ကရင်ဝင်းစိန်ရေထိန်းတံခါးကို မိုးစပါး လယ်မြေ ၁၃၅၁ ဧကအား ပင်လယ်ရေငန်ဝင်ရောက်မှု၊ ရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရန်နှင့် ရေချိုသိုလှောင် ထိန်းသိမ်းနိုင်ရန်အတွက် ကရင်ဝင်းစိန်ချောင်း ရေခေါင်းမြောင်းမကြီး အလျား ပေ ၄၇၀၀ နှင့် Slide Gate ငါးချပ်ပါ အုတ်သံကူကွန်ကရစ် ရေထိန်းတံခါးအမျိုးအစားကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၅၃၀ ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## လမ်းလယ်ကျွန်းဓာတ်မီးတိုင်များစိုက်ထူရေးဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၁၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် မတ် ၁၁ ရက်က ရန်ကုန်မဟာဗန္ဓုလလမ်း တစ်လျှောက် (လမ်းသစ်လမ်းမှ ဆူးလေဘုရားအဝိုင်းအထိ) နှင့် ဗိုလ်ချုပ်လမ်း တစ်လျှောက် (ပန်းဆိုးတန်းလမ်းမှ ပုဇွန်တောင်ပန်းခြံအထိ) လမ်းလယ်နှင့် လမ်းဘေး ဝဲ/ယာ ရှိ ကောင်းကင်ဓာတ်အားလိုင်းများကို မြေအောက် ဓာတ်အားလိုင်းအဖြစ် ပြောင်းလဲ တည်ဆောက်ခြင်းနှင့် လမ်းလယ်ကျွန်း တစ်လျှောက်တွင် လမ်းမီးတိုင်များ စိုက်ထူရေး လုပ်ငန်းခွင်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ဒုတိယ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးစိုးမိုးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများကိုရှင်းလင်းတင်ပြရာ ဥက္ကဋ္ဌက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လမ်းသွားလမ်းလာ အများပြည်သူအန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်နှင့် ဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆယ်တင်ပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးမှု မရှိစေရေးမှာကြားကာ လုပ်ငန်းလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါလုပ်ငန်းများအနေဖြင့် မဟာဗန္ဓုလလမ်းတွင် ၅ ဒသမ ၁၁ မိုင်၊ ဗိုလ်ချုပ်လမ်းတွင် ၄ ဒသမ ၁၈ မိုင်အား မြေအောက်ဓာတ်အားလိုင်းများ ချမြှုပ်လျက် လမ်းလယ်ကျွန်း ဓာတ်မီးတိုင် စုစုပေါင်း ၈၉ တိုင် စိုက်ထူကာ LED (150)W လမ်းမီးလုံး ၂၀၀ တပ်ဆင်သွားမည် ဖြစ်ကြောင်း သိရသည်။

**ချစ်ဆောင်**

## ကော့သောင်းခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**ကော့သောင်း မတ် ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပန်းချီပညာရှင်အဖွဲ့နှင့် ပူးပေါင်း၍ နွေရာသီ အခြေခံပန်းချီရေးဆွဲနည်း(အခမဲ့)သင်တန်းကို မတ် ၁၁ ရက်က ဖွင့်လှစ်သည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပန်းချီနည်းပြဆရာ ဦးလှမိုးထွန်းက ပန်းချီပညာ စတင်ပေါ်ပေါက်လာပုံ၊ ပန်းချီပညာသင်ယူခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများနှင့် ပန်းချီသင်ခန်းစာများနှင့် ပတ်သက်၍ အခြေခံပန်းချီရေးဆွဲနည်း၊ ဆေးရောင်ခြယ်ရေးဆွဲနည်းများ စသည်တို့ကို စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည် ဖြစ်သည်။

အဆိုပါ ပန်းချီရေးဆွဲနည်း သင်တန်းကို မူလတန်းဆင့်နှင့် အလယ်တန်းဆင့် ကျောင်းသားကျောင်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ မတ် ၁၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ တွေ့ဆုံပွဲအခမ်းအနားကို မတ် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ ပညာရေးတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မော်မော်သန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အမျိုးသမီးရေးရာလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လတ်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အထွေထွေဆွေးနွေးတင်ပြကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က နိဂုံးချုပ်စကားပြောကြားကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မိုင်းယောင်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်တံတားများ ဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**မိုင်းယောင်း မတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျေးလက်ကုန်ထုတ်တံတားများ ဖောက်လုပ် ပြီးစီးမှုအခြေအနေများကို မတ် ၁၂ ရက်တွင် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယမ်းပုံးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဝေနှင့် မိုင်းယောင်းခရိုင်/ မြို့နယ်များမှ အင်ဂျင်နီယာဝန်ထမ်းများသည် ယမ်းပုံးကျေးရွာတွင် အရှည် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၉ လက်မရှိ ယမ်းပုံး-ဝမ်မန်း ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ယင်းလမ်းပေါ်တွင် Box Culvert ကုန်ထုတ်တံတား နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့် Pipe Culvert ကုန်ထုတ်တံတား သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း/တံတားများ ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၅၃၃ သန်းဖြင့် ၂၀၂၄ နှစ် ဩဂုတ်လမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

**၂၂၂**



# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၇၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၃**
နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်း နိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင်ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၄၅၀ ကို ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ - မင်းလက်ပံနှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဗီယက်နမ်နိုင်ငံသား ၂၄၄ ဦးနှင့် အိန္ဒိယနိုင်ငံသား ၂၆ ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၇၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၀၁၅ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား ပူးပေါင်းအဖွဲ့များက ထပ်မံစစ်ဆေးဖော်ထုတ်ကာ ထိန်းသိမ်းထားစဉ်။

## တပေါင်းလပြည့်နေ့ - မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မတ် ၁၃**
မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ တပေါင်းလပြည့်နေ့ - မြန်မာ့တိုင်းရင်းဆေးသမားတော်များနေ့အခမ်းအနားကို "ပညာရှင်ရှေးသမား ကျေးဇူးတရားမမေ့ပြေး" ဟူသောဆောင်ပုဒ်နှင့်အညီ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Centre ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) တာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်ဆေးတိုက်) က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌထံမှ ပေးပို့သောသဝဏ်လွှာကို မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) အတွင်းရေးမှူး ဒေါ်ငွေငွေရီက ဖတ်ကြားသည်။ ယင်းနောက် သမားတော်ကြီးဒေါက်တာအောင်နိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆရာကြီးဦးအောင်မြတ်ကျော်က မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သက်တော်ရှည်သမားတော်ကြီး ၁၀ ဦးတို့အား အခမ်းအနားသို့ တက်ရောက်လာသူများက ကန်တော့ချိုးဖြင့် ဂါရဝပြုကန်တော့ကြပြီး အလှူရှင်များက ပူဇော်ကန်တော့ငွေများ ဂါရဝပြုပေးအပ်ကြရာ ကန်တော့ခံ သက်တော်ရှည်သမားတော်ကြီး ဦးဉာဏ်လွင်က ဆုပေးဩဝါဒစကား ပြန်လည်ချီးမြှင့်ပြောကြားသည်။



ထို့နောက် ကန်တော့ခံ သက်တော်ရှည်သမားတော်ကြီးများသည် အသင်းသူ အသင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အထိမ်းအမှတ် ရတုပိုဒ်စုံကို တေးသံရှင် နှင်းနှင်းထူးက ဖတ်ကြားခြင်း၊ တေးထပ်ကို ဦးသန်းမြင့်ထွန်း (လှည်းကူးမြို့နယ်ဥက္ကဋ္ဌ) က ဖတ်ကြားခြင်း၊ အလှူရှင်စာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အသင်း၏ တွဲဖက်ဘဏ္ဍာရေးမှူး ဆရာဦးအုန်းမြင့်က ဖတ်ကြားခြင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ အခမ်းအနားဖြစ်မြောက်ရန် ပံ့ပိုးကူညီပေးကြသော အလှူရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုလွှာပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပြီး ဆရာကြီးဦးခင်မောင်ဝင်း (ရွှေမန်းတောင်ဆေးတိုက်) က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**၂၂၂**

## ဘီးလင်းမြို့နယ်၌ ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ဘီးလင်း မတ် ၁၃**
မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် တပေါင်းလပြည့်နေ့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှေးဟောင်းကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၏ (၁၅၃) နှစ်ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကို ယနေ့နံနက်ပိုင်းက ဆရာစံရပ်ကွက်ရှိ ကြေးသွန်းရုပ်ပွားတော် ပူဇော်ထားရှိရာ ပရိဝုဏ်အတွင်း ပြုလုပ်သည်။

ဦးစွာ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား မျက်နှာသစ်တော်ရေနှင့် ရောင်တော်ဖွင့် မင်္ဂလာပြုလုပ်ခြင်း၊ ဘုရားအနေကဇာတင် မင်္ဂလာပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် လေသာကျောင်းတိုက်ဆရာတော် ဦးကောဝိဒထံမှ ကြွရောက်လာသူများက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယက ဩဝါဒဆရာတော် ဦးဝိမလထံမှ ရေစက်ချ တရားနာကြားကာ အလှူရှင်များက ဆရာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များက ဒံပေါက်ထမင်း၊ အုန်းနို့ခေါက်ဆွဲ၊ ရေခဲမုန့်၊ ကြာဆံချက်၊ မုန့်ဟင်းခါးတို့ဖြင့် သုံးရက်တိုင်တိုင် စတုဒိသာ ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်

**နေပြည်တော် မတ် ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်း လုပ်ကိုင်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ ဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူ အဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ အပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၂၁ သို့*

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နေရာပြပုံ။










ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံများ၏ မှတ်တမ်းဓာတ်ပုံ။





တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် Star Link နှင့် မိုဘိုင်းဖုန်းမျိုးစုံ၏ မှတ်တမ်းဓာတ်ပုံ။





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



အဆောက်အအုံများအား မဖျက်ဆီးမီ မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံများ၏ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၂၀ မှ*

ထိုသို့ ရှာဖွေဖော်ထုတ် ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေး ပူးပေါင်းအဖွဲ့များက မတ် ၁၂ ရက်တွင် အဆိုပါမြို့နယ်ရှိ နားဟုတ်ကျေးရွာအုပ်စုအတွင်း ရှာဖွေဖော်ထုတ် စစ်ဆေးခဲ့ရာ တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား ၁၆၅ ဦး၊ မြန်မာနိုင်ငံသားတစ်ဦးတို့အား အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ရှိ သွပ်မိုးခန်းမတစ်လုံး၊ ခုနစ်ခန်းတွဲ ယာယီလူနေအဆောက်အအုံ ငါးလုံး၊ လုပ်ငန်းသုံးပရိဘောဂပစ္စည်းများ၊ StarLink နှစ်စုံ၊ ဖုန်းမျိုးစုံ အလုံး ၃၀၊ All in One ကွန်ပျူတာ ငါးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများအား စနစ်တကျစိစစ် ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီး ကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**











အဆောက်အအုံများအား မဖျက်ဆီးမီ မှတ်တမ်းဓာတ်ပုံ။













အဆောက်အအုံများအား စက်ယန္တရားများဖြင့် ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ မြန်မာနိုင်ငံသား၏ မှတ်တမ်းဓာတ်ပုံ။

## မြောင်မြို့နယ် ပန်းညိုရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေကြောင်း မဟုတ်မမှန် ရေးသားထုတ်လွှင့်လျက်ရှိ

**နေပြည်တော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ပန်းညိုရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၂ ရက် ညနေပိုင်းက စတင်ပြီး ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေကြောင်း ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး လုံခြုံရေးတာဝန်ရှိသူများအား မေးမြန်းစုံစမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြောင်မြို့နယ်အတွင်း ကျေးရွာများ၌ မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ငါနဲ့မတူ ငါ့ရန်သူသဘောထားကာ ၎င်းတို့အား မထောက်ခံသော ရပ်ကျောင်းရှင်လူပြည်သူများအား လက်နက်အားကိုးဖြင့် အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ရမ်းသန်းပစ်ခတ်ခြင်းများ ဆောင်ရွက်နေကြသည်မှာ ပြည်သူများ အသိပင်ဖြစ်သည်။

အဆိုပါ သတင်းမှားများနှင့်ပတ်သက်၍ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သည့် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခြင်းစသည့် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒ ဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အပူဒဏ်အန္တရာယ် ကာကွယ်ရေး

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရ အေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။







# (၇၆)နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၃**

(၇၆) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသားဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားပြီး (၇၆) နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနား ဖြစ်မြောက်ရေးအတွက် အလှူငွေများပေးအပ်ရာ အခမ်းအနားကျင်းပရေး ကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဒုတိယအကျော့၌ အနိုင်ရသော်လည်း နှစ်ကျော့ပေါင်းရလဒ်ဖြင့် ကွာတားဖိုင်နယ်အဆင့်မှထွက်ခဲ့ရ

**ရန်ကုန် မတ် ၁၃**

၂၀၂၄–၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့အဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းတို့ မတ် ၁၃ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် ပထမအကျော့ အဝေးကွင်းဂိုးပြတ်ရှုံးပွဲကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ဆုံးရှုံးခဲ့ခြင်းဖြစ်ပြီး နှစ်ကျော့ပေါင်း ခုနစ်ဂိုး – လေးဂိုးဖြင့် ရှုံးနိမ့်ကာ ကွာတားဖိုင်နယ်အဆင့်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ အနိုင်ရသော်လည်း ပထမအကျော့ အဝေးကွင်းပွဲတွင် ခြောက်ဂိုး–နှစ်ဂိုးဖြင့် ဂိုးပြတ်အရေးနိမ့်ထားသဖြင့် နှစ်ကျော့ပေါင်းရလဒ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။



ရှမ်းယူနိုက်တက်အသင်းနှင့် Svay Rieng အသင်း ယှဉ်ပြိုင်နေစဉ်။

ရှမ်းယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး(ဂိုး)၊ ဇွဲခန့်မင်း၊ သက်ဟိန်းစိုး၊ ဟိန်းဖြိုးဝင်း၊ ဝီလျံ၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင်၊ မတ်ခ်ဆာကီ၊ မြတ်ကောင်းခန့်၊ ဟီရိုတာ၊ ဘာကာယိုကိုတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်း အပြီးတွင် နှစ်ဂိုးပြတ်ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးထပ်မရသဖြင့် အနိုင်ရသော်လည်း နောက်တစ်ဆင့်တက်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ပွဲအစတစ်မိနစ်မှာပင် ခွန်ကျော်ဇင်ဟိန်းက ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ အဖွင့်ဂိုးစောစီးစွာရခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ဆက်တိုက်ဖိကစားလာရာ ၂၆ မိနစ်တွင် ရဲရင့်အောင်က ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းလာရာ ၅၆ မိနစ်တွင် မိုရာချီက ပယ်နယ်တီမှ တစ်ဆင့် တစ်ဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မသွင်းနိုင်သဖြင့် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် တွေ့ဆုံခဲ့ပြီး ပထမအကျော့ အဝေးကွင်းပွဲတွင် ခြောက်ဂိုး–နှစ်ဂိုးဖြင့် အရေးနိမ့်ကာ ဒုတိယအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရသော်လည်း နှစ်ကျော့ပေါင်း ခုနစ်ဂိုး–လေးဂိုးဖြင့် ရှုံးနိမ့်သည့်အတွက် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ – AFC**

# မဲခေါင်-လန်ချန်း စီမံကိန်းဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ မဲခေါင် – လန်ချန်း အထူးရန်ပုံငွေ (၂၀၂၄) ဖြင့် ဆောင်ရွက်လျက်ရှိသော Establishing Livestock Training Center for Rural Livelihood Improvement to Support Poverty Reduction in Lancang–Mekong Countries စီမံကိန်းဖြင့် တိရစ္ဆာန်အစာနှင့် အာဟာရဗေဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများသည် ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့သို့ ကွင်းဆင်းပြီး ကျွဲ၊ နွား၊ သိုး၊ ဆိတ် မွေးမြူသော တောင်သူများ၊ နို့စားနွားမွေးမြူရေးခြံများမှ မွေးမြူသူပိုင်ရှင်များနှင့်တွေ့ဆုံပြီး တိရစ္ဆာန်မွေးမြူရေးတွင် လိုအပ်သော တိရစ္ဆာန်အစာ အသုံးပြုနေမှုအခြေအနေများ၊ ကျွေးမွေးသည့် နည်းစနစ်များနှင့်ကြုံတွေ့ရသည့် အခက်အခဲများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မွေးမြူသူတောင်သူများက မွေးမြူရေးအတွက် အဓိကအသုံးပြုနေသော အစာကြမ်းများဖြစ်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး စသည်တို့ကို တိရစ္ဆာန်အစာအဖြစ် ပိုမိုအကျိုးရှိစေရန်အတွက် အစာကို ပြုပြင်သည့် ဓာတ်မီနည်းပညာများကို အသုံးပြုသင့်ကြောင်းနှင့် မွေးမြူရေးနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာ ဗဟုသုတများကိုလည်း မွေးမြူသူတောင်သူများအား ဆွေးနွေးအကြံပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ချောင်းဆုံမြို့နယ်၌ ညော့သည်ခေါ်ဘုရားပွဲတော်များတွင် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ ထည့်သွင်းဆောင်ရွက်

**ချောင်းဆုံ မတ် ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက ထင်ရှားသည့် ညော့သည်ခေါ်ဘုရားပွဲတော်များကို နှစ်စဉ်ရိုးရာအစဉ်အလာမပျက်ကျင်းပခဲ့ရာ ယနေ့တပေါင်းလပြည့်နေ့တွင် ပြုလုပ်သည့် ကွမ်သဲကျေးရွာ ကျိုက်ကွဲဘုရားပွဲတော်နှင့် ဒရယ်ကျေးရွာ ညော့သည်ခေါ်ဘုရားပွဲတော်များတွင် မြန်မာ့ရိုးရာသနပ်ခါးမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များတွင် အေးချမ်းပျော်ရွှင်စွာ လာရောက်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၃**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ်အစီး ၂၀ ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၂ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၄ မျိုး၊ စားသောက်ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၁၂၈၉၂၄၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head ခြောက်စီး၊ Isuzu Giga Tractor Head တစ်စီး၊ Nissan Diesel Tractor Head တစ်စီး၊ Chenglong Tractor Head နှစ်စီး၊ Volvo Tractor Head တစ်စီး၊ Howo Tractor Head တစ်စီး၊ Sinotruk Tractor Head တစ်စီး၊ Hino Profia Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၄ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၁၂၈၉၂၄၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၁၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန် အင်းလေးကမ်းရပ် ဘီအိုစီလမ်းရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၄၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၁၄၈၉၂၄၀) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၃**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၁ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ကျိုင်းတုံမြို့နယ် ယန်းလော ကျေးရွာအုပ်စု ကျိုင်းဖောင်း ကျေးရွာအနီးတွင် ကျော်ကျော်ထက်အောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှစိတ်ကြွရူးသွပ်ဆေးပြား ကိုးပြား (တစ်ပြားလျှင် ၇၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၃၀၀) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါနေရာ၌ သက်ကျော်ဦး မောင်းနှင်လာသည့် LIFAN အမျိုးအစား မော်တော်ယာဉ်ကို ဆက်လက်ရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ဘလောက်တုံး ၁၄၀၊ အလေးချိန် ၄၉ ကီလို (တစ်ကီလိုလျှင် သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၃၅၀)ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ နိုင်လင်း (ခ) စိုင်းညီအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ (တစ်ပြားလျှင် ၇၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၁ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



ကျော်ကျော်ထက်အောင်နှင့် သက်ကျော်ဦး တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## ကလေးမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် မုံရွာမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၁၂ ရက် နံနက် ၁၀ နာရီတွင် ကလေးမြို့ တောင်ဇလပ်ရပ်ကွက် ဘူတာလမ်းဆုံမီးပွိုင့်အနီး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ကလေး) မှ တပ်ဖွဲ့ဝင်များ၊ ကလေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်လမ်းအတိုင်း အနောက်မှ အရှေ့သို့ ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်နေ ကျုံးဆောန်ထန်း (ကျား) (၃၉) နှစ် မောင်းနှင်လာသည့် MDY–15 1M/xxxx Hijet အဖြူရောင် မော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ကျုံးဆောန်ထန်းအား ကလေးမြို့မရဲစခန်းက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း၊ အလားတူ ညနေ ၃ နာရီ မိနစ် ၅၀ တွင် မုံရွာမြို့နယ် ကန်သာဦးရပ်ကွက် ပြည်ထောင်စုလမ်း၌ မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သလ္လာရပ်ကွက်နေ သန်းဇော်မြင့် (၅၁) နှစ် မောင်းနှင်သည့် YGN–17 1K/xxxx MARK II အဖြူရောင်မော်တော်ယာဉ်အားစစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် သန်းဇော်မြင့်အား မုံရွာမြို့မရဲစခန်းက ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားကြောင်း သိရသည်။




ရဲပြန်ကြား

## မင်းလှမြို့နယ်၌ တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မတ် ၁၂ ရက်က တရားမဝင် ကျွန်းသစ်များ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မတ် ၁၂ ရက် နံနက် ၆ နာရီခွဲတွင် မင်းလှမြို့နယ် စစ်ကွင်းမြို့ ရွှေဝါမြိုင်ကျေးရွာအနီး တရားမဝင်ကျွန်းသစ်များ သယ်ဆောင်နေကြောင်း သတင်းအရ စစ်ကွင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရွှေဝါမြိုင်ကျေးရွာနှင့် တာကလေးကျေးရွာအကြား ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် ၉၇ မိုင် ၈ ဖာလုံနှင့် ၇ ဖာလုံကြားတွင် စောင့်ဆိုင်းနေစဉ် ရွှေဝါမြိုင် ကျေးရွာဘက်မှ တာကလေးကျေးရွာ ဘက်သို့ ရန်ကုန်-ပြည် ကားလမ်းအတိုင်း အုတ်ဖိုမြို့နယ် ရွာသစ်ကျေးရွာနေ ဇော်မင်းထွဋ်(၃၁)နှစ် မောင်းနှင်ပြီး တစ်ရွာတည်းနေ ယာဉ်ပိုင်ရှင် သန်းတင့် (၅၉) နှစ် လိုက်ပါလာသည့် BGO 7K–xxxx ၆ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်၌ ကျွန်းခွဲသားချောင်း ၆၀၊ ကျွန်းသစ်ဆိုက်စုံ လုံး/ခွဲခြမ်း ၁၇ ခု၊ ပျဉ်းကတိုးခွဲခြမ်း နှစ်ခု၊ ပျဉ်းကတိုးသစ်လုံး တစ်ခု စုစုပေါင်း ၂ ဒသမ ၇၃၂၀၆ တန်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စစ်မေးရာ အဆိုပါသစ်များသည် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာနေ အေးဟန် (၅၀) နှစ် ပိုင်ဆိုင်သည့် သစ်များဖြစ်ကြောင်း သိရှိရ၍ ဇော်မင်းထွဋ်၊ သန်းတင့်နှင့် အေးဟန်တို့ သုံးဦးအား စစ်ကွင်းနယ်မြေ ရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ လျှပ်စစ်မီးကြိုး ခိုးယူသူတစ်ဦးအား ဖမ်းဆီးအရေးယူ



**နေပြည်တော် မတ် ၁၃**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ မတ် ၁၂ ရက်က လျှပ်စစ်မီးကြိုးခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီး အရေးယူထားသည်။

ဖြစ်စဉ်မှာ မတ် ၁၂ ရက် နံနက် ၁၁ နာရီ ၅ မိနစ်တွင် မင်္ဂလာတောင်ညွန့် မြို့နယ် မလွကုန်း ဘူတာဝင်းအတွင်း ရထားရဲတပ်ဖွဲ့ခွဲ(၁၃)မှ တပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်နေစဉ် သံလမ်းအမှတ် (၁၇) အရောက်၌ ရပ်တန့်ထားသော လူစီးရထားတွဲပေါ်မှ မီးကြိုးများကို သိမ်ဖြူရထားရပ်ကွက်နေ စိန်ဦးသွင်(၂၂)နှစ်မှ ဖြတ်တောက်ခိုးယူနေသည်ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် စိန်ဦးသွင်အား မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

# ကမ္ဘာ့နံပါတ်တစ် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘယ်လင်ကာ က ဗြိတိန်တင်းနစ်မယ်ကို အနိုင်ရ

## အင်ဒီးယန်းဝဲလ်စ်အိုးပင်းကွာတားဖိုင်နယ်တွင် ဆာဘယ်လင်ကာနှင့် ဆမ်ဆိုနိုဗာနှင့် ဆုံတွေ့

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး အဆင့်တွင် ကမ္ဘာ့နံပါတ်တစ် ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာ ဆာဘယ်လင်ကာက ဗြိတိန်တင်းနစ်မယ် ဆွန်နေကာတယ်ကို အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပွဲစဉ်တွင် ဆာဘယ်လင်ကာက ပြိုင်ဘက် ကာတယ်ကို ၆-၁၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။ ဆာဘယ်လင်ကာသည် အင်ဒီးယန်းဝဲလ်စ် ၆၄ ဦး အဆင့်တွင် အမေရိကန်တင်းနစ်မယ် ကက်စလာ၊ ၃၂ ဦး အဆင့်တွင် အီတလီတင်းနစ်မယ် ဘရွန်ဇက်တီတို့ကို အနိုင်ယူကျော်ဖြတ်ထားသည်။

ဆာဘယ်လင်ကာသည် ကာတယ်ကို အနိုင်ရရှိရန် ၇၂ မိနစ်ကြာ အချိန်ယူခဲ့ရကြောင်း သိရသည်။ ၎င်းသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဆမ်ဆိုနိုဗာသည် ၁၆ ဦး အဆင့်တွင် အီတလီနာမည်ကြီး တင်းနစ်မယ် ပါအိုလီနီနှင့် တွေ့ဆုံခဲ့ပြီး ၆-၀၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ဆာဘယ်လင်ကာနှင့်အတူ အင်ဒီးယန်းဝဲလ်စ်အိုးပင်း ကွာတားဖိုင်နယ်သို့ နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ရှောင်၊ ဆွီယာတက်ခ်၊ အန်ဒရေဗာ၊ ဘင်းဆစ်၊ ကီးစ်၊ စဗစ်တိုလီနာတို့ တက်လှမ်းနိုင်ခဲ့သည်။



■ ဗြိတိန်တင်းနစ်မယ် ကာတယ် (ဝဲ) နှင့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘယ်လင်ကာ (ယာ)။

# လိဒ်စ်က မီဝေါလ်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယား၌ နှစ်မှတ်အသာဖြင့်ဦးဆောင်

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၇) မှ မတ် ၁၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် လိဒ်စ်နှင့် မီဝေါလ်အသင်း ပွဲစဉ်တွင် လိဒ်စ်အသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားကို နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

လိဒ်စ်အသင်းသည် ယခု အနိုင်ပွဲကြောင့် အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသည့် လိဂ် ၁၆ ပွဲ ရှုံးပွဲမရှိသည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ပြိုင်ဘက် မီဝေါလ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးပြိုင်ပွဲစုံ လေးပွဲတွင် ရှုံးပွဲ သုံးပွဲရှိလာပြီ ဖြစ်သည်။

ခြေစွမ်းကောင်း ပြသကာ ရလဒ်ကောင်း ရရှိနေသည့် လိဒ်စ်အသင်းသည် ချန်ပီယံရှစ်အမှတ်ပေးဇယားပြိုင်ပွဲ ၃၇ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၇၉ မှတ်အထိ စုဆောင်းရရှိပြီးဖြစ်သည့်အတွက် လာမည့်ပရီမီယာလိဂ်ကို တိုက်ရိုက်တန်းတက်ခွင့်ရရန် နီးစပ်လာပြီ ဖြစ်သည်။

ပွဲကစားချိန် ၃ မိနစ်တွင် ပြိုင်ဘက်ခံစစ်ကစားသမား ကူးပါးကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ လိဒ်စ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ဦးဆောင်ဂိုး ခွင့်ပြုပေးလိုက်ရသော်လည်း မီဝေါလ်အသင်း၏ ချေပဂိုးရရှိရေး ကြိုးပမ်းအားထုတ်မှုမှာ ပြိုင်ဘက်အသင်းခံစစ်နှင့်ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် အချည်းနှီးဖြစ်ခဲ့ရသည်။

လိဒ်စ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲကစားချိန် ၈၅ မိနစ်တွင် တာနာကာက သွင်းယူပေးခဲ့သည်။



■ လိဒ်စ်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုး သွင်းယူပြီးနောက် တာနာကာနှင့် အသင်းဖော်များ အောင်ပွဲခံစဉ်။

# အာဆင်နယ်က ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ဆာနေးကို ခေါ်ယူလို



နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ယခုနှစ်နွေရာသီ အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဘိုင်ယန်မြူးနစ်အသင်းမှ အသက် ၂၉ နှစ်အရွယ် ဂျာမနီတောင်ပံကစားသမား လီရွိုင်း ဆာနေးကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ဆာနေးသည် ယခုနှစ်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် လိဂ် ၂၀ ပွဲ ပါဝင်ကစားထားပြီး ခြောက်ဂိုးသွင်းကာ လေးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။ အာဆင်နယ်အသင်းသည် ဆာနေးအပြင် နယူးကာဆယ်မှ ဂူမာရက်စ်နှင့် ဆိုစီဒက်မှ မာတင်ဇူဘီမန်ဒီတို့ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- လီဗာပူးအသင်းသည် အိုင်းယက်စ်အသင်း ဘယ်ခံစစ်ကစားသမား ဂျော်ရယ်ဟာတို (၁၉ နှစ်) ကို စောင့်ကြည့်ရန် ကင်းထောက်များ စေလွှတ်ထားကြောင်း သိရသည်။
- အဲဗာတန်အသင်းသည် နွေရာသီတွင် နယူးကာဆယ်အသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား လောင်းစတပ်ဖ် (၂၇ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- ဘာစီလိုနာအသင်းသည် အသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင် (၂၇ နှစ်) အတွက် မန်ယူအသင်း၏ ပေါင် ၅၇ ဒသမ ၈ သန်း ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။
- မန်စီးတီး၊ မန်ယူ၊ ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် လေဗာကူဆင်အသင်းမှ နယ်သာလန်တောင်ပံကစားသမား ဖရင်ပေါင် (၂၄ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။



■ ခရစ္စတယ်ပဲလေ့စ်နည်းပြ အိုလီဗာ ဂလာစနာ။


# ပဲလေ့စ်က သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် နည်းပြ ဂလာစနာနှင့် ဆွေးနွေးနေ

ခရစ္စတယ်ပဲလေ့စ်အသင်းသည် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရေးနှင့် ပတ်သက်ပြီး အသင်းနည်းပြ အိုလီဗာ ဂလာစနာနှင့် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ဆွေးနွေးမှုများမှာ အစောပိုင်းအဆင့်တွင် ရှိနေသေးသည်ဟု ယူဆရကြောင်း၊ နည်းပြ၏ လက်ရှိစာချုပ်သက်တမ်းမှာ လာမည့်ရာသီကုန်အထိ ချုပ်ဆိုထားကြောင်း သိရသည်။ ဂလာစနာ၏ ခရစ္စတယ်ပဲလေ့စ်အသင်းသည် ပရီမီယာလိဂ် ၂၈ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၉ မှတ်ဖြင့် အဆင့် (၁၁) နေရာတွင် ရပ်တည်နေသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နည်းပြ ဂလာစနာလက်ထက်တွင် ခြေစွမ်းကောင်းပြသထားနိုင်ပြီး အက်ဖ်အေဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ရောက်ရှိအောင် စွမ်းဆောင်ထားနိုင်သည်။

နည်းပြ ဂလာစနာသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ပွဲပေါင်း ၄၈ တာဝန်ယူကိုင်တွယ်ထားရာတွင် ၂၃ ပွဲ နိုင်ပွဲရရှိအောင်လည်း စွမ်းဆောင်ထားနိုင်သည်။



■ ဗြိတိန်တင်းနစ်အကျော်အမော် ဂျက်ဒရာပါ။

# ဗြိတိန်နံပါတ်တစ် တင်းနစ်အကျော်အမော် ဒရာပါ ဖရစ်ဇ်ကိုအနိုင်ယူပြီး ကွာတားဖိုင်နယ် တက်လှမ်း

အင်ဒီးယန်းဝဲလ်စ်အိုးပင်းအမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဗြိတိန်နံပါတ်တစ် တင်းနစ်ကစားသမား ဂျက်ဒရာပါက ကမ္ဘာ့အဆင့် (၄) ရှိ အမေရိကန်တင်းနစ်အကျော်အမော် တေလာဖရစ်ဇ်ကို အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။

ဒရာပါသည် အဆိုပါ ပွဲစဉ်တွင် ပြိုင်ဘက် ဖရစ်ဇ်ကို ၇-၅၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် အင်ဒီးယန်းဝဲလ်စ်ပြိုင်ပွဲ ၆၄ ဦးအဆင့်နှင့် ၃၂ ဦး အဆင့်တွင် ဘရာဇီးတင်းနစ်ကစားသမား ဖွန်ဆီကာနှင့် အမေရိကန်တင်းနစ်ကစားသမား ဘရွတ်စဘီတို့ကို အနိုင်ယူကျော်ဖြတ်ထားသည်။

ဒရာပါသည် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အမေရိကန်တင်းနစ်ကစားသမား ဘင်ချဲလ်တန်နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ ဘင်ချဲလ်တန်သည် ၁၆ ဦးအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ဘရွန်ဒွန်နာကာရှီမာနှင့် တွေ့ဆုံခဲ့ပြီး ၇-၆ ၈-၆၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူ ဖြစ်သည်။

ဒရာပါနှင့်အတူ အင်ဒီးယန်းဝဲလ်စ်ကွာတားဖိုင်နယ်သို့ အခြား နာမည်ကြီးတင်းနစ်ကစားသမားများဖြစ်သည့် ဂရိတ်ပေါလ်၊ မက်ဗီဒက်ဗ်၊ အယ်ကာရက်ဇ်တို့လည်း တက်လှမ်းနိုင်ခဲ့သည်။

■ မိုးဇက် - စုစည်းသည်


# မန်းရွှေစက်တော်ဘုရားကြီး၌ တပေါင်းလပြည့်နေ့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွား လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မင်းဘူး မတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားကြီး၌ တပေါင်းလပြည့်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွား လာရောက် လည်ပတ်သူများဖြင့် စည်ကားခဲ့ကြောင်း မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကျင်းပစဉ် ကာလတစ်လျှောက် တပေါင်းလပြည့်နေ့သည် နှစ်စဉ်နှစ်တိုင်း အစည်ကားဆုံးဖြစ်ကာ ယခုနှစ် တပေါင်းလပြည့်နေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက် လည်ပတ်ကြသူများ၊ ဗုဒ္ဓပါဒခြေတော်ရာနှစ်ဆူအား ရွှေသင်္ကန်းများကပ်လှူပြီး ဥပုသ်သတင်းသီလဆောက်တည်ကြသူများ၊ အလှူအတန်းနှင့် ကောင်းမှုကုသိုလ် ပြုလုပ်ကြသူများအပြင် မျှောက်စာကျွေးပြီး မန်းချောင်းအတွင်း ရေချိုးအပန်းဖြေအနားယူရင်း လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားခဲ့သည်။

"ဒီနှစ် မန်းရွှေစက်တော် ဘုရာပွဲတော်ချိန်မှာ တပေါင်းလပြည့်နေ့က အစိုးရရုံးပိတ်ရက် ငါးရက်နဲ့ တိုက်ဆိုင်တဲ့အတွက် အနယ်နယ်အရပ်ရပ်က ဘုရားဖူးခရီးသွားတွေ တော်တော်များများ လာရောက်ခဲ့ပါတယ်။ ပွဲတော်စတင်ကျင်းပတဲ့နေ့ကစလို့ ယနေ့အထိဆိုရင် ဘုရားဖူးခရီးသွား ပြည်သူပေါင်း တစ်သောင်းကျော်နဲ့ မော်တော်ယာဉ် အစီးရေပေါင်း နှစ်ထောင်ကျော် လာရောက်ခဲ့ပါတယ်"ဟု မန်းရွှေစက်တော် ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။



မန်းရွှေစက်တော်ဘုရားကြီးသည် တန်ခိုးကြီးဘုရားဖြစ်သည်နှင့်အညီ ထင်ရှားကျော်ကြားကာ ဘုရားပွဲတော်မှာလည်း မြန်မာနိုင်ငံအတွင်း၌ ရက်အရှည်ကြာဆုံးသော ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန်ရုံးပိတ်ရက်အပါအဝင်(တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)




# (၃၄)ကြိမ်မြောက် ဝေါမြို့ ရွှေဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ကြံ့တူစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် သက်ကြီးဝါကြီး ဆရာတော်များပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**ဝေါ မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ကြံ့တူစေတီတော်မြတ်ကြီး၏ (၃၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သက်ကြီးဝါကြီး ဆရာတော်များ ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မတ် ၁၃ ရက် (တပေါင်းလပြည့်နေ့) နံနက် ၉ နာရီတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စေတီတော် ဂေါပက အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ အလှူရှင်များ စုပေါင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရွှေဟောင်းသမိုင်းဝင်ဆုတောင်းပြည့် ကြံ့တူစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာ အောင်ဂါထာဖြင့် ရွတ်ဖတ်ပူဇော်အခမ်းအနားဖွင့်လှစ်ပြီး ထေရ်ကြီးဝါကြီး သက်တော်ရှည် ဆရာတော်ကြီး ၁၂ ပါးအား ပူဇော်ကန်တော့သည်။ ထို့နောက် မြစ်ကျိုးကျေးရွာ ဝေဠုဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒထံမှ သြဝါဒခံယူပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းက ဗုဒ္ဓပူဇနိယပွဲတော်၏ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆုတောင်းပြည့် ကြံ့တူစေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေကျပ် သိန်း ၃၀ အား ပေးအပ်လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံရယူသည်။ ယင်းနောက် ဘိုးဦးစိန်ကျောင်းဆရာတော် ဘဒ္ဒန္တ ဇနိဒ္ဒထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာရေစက်ချတရား နာယူကြသည်။

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စေတီတော်ရင်ပြင်၌ ကျင်းပရာ သက်ကြီးဝါကြီး သက်တော်ရှည် ဆရာတော်ကြီး ၁၂ ပါးနှင့် မြို့နယ်အတွင်းရှိကျောင်းတိုက်ပေါင်း ၁၆၉ တိုက်မှ သံဃာတော် ၁၆၉ ပါးကို ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူပြီး ကြွရောက် အပူဇော်ခံသည့် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကာ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)



## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၈၊ ဦးပိုင်အမှတ် (၇၂)၊ ဖိုလမ်း၊ ၁၂၇x၁၂၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မြဝင်း၏ (SP ရရှိသူ ဒေါ်မိုးမိုးထွေး)ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၄၀၉၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးရဲထက်လှိုင် ၅/မရန(နိုင်)၂၀၉၁၁၂က အမှုတွဲအမှတ် (ဖ၉၈၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ်(၁၆)၊ ကွင်းအမည် မီးကြာရိုးတောင်၊ ဦးပိုင်အမှတ် (၃၀)၊ မြေယာအမှတ်(100)၊ မြေရိယာ(၀ ဒသမ၉၄)ကေထဲမှ အကျယ်အဝန်း အရှေ့( ၁၇ပေ ၉လက်မ)ပေ၊ အနောက် (၁၇ပေ ၃လက်မ)ပေ၊တောင်(၇၀)ပေ၊ မြောက်(၇၀)ပေ၊ (လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (အုတ်တံတိုင်းခြံစည်းရိုးခတ်အပြီးအစီး) တို့ကို ဦးဝင်းသန်း ၉/သစန(နိုင်) ၀၀၇၄၇၉ထံမှ ဒေါ်ချိုချိုထွန်း ၁၃/နခတ(နိုင်)၀၀၀၅၃၂ တို့က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ချိုချိုထွန်း | ဦးနေမျိုးဇော်(LL.B,D.B.L) |
| ၁၃/နခတ(နိုင်) ၀၀၀၅၃၂ | တရားလွှတ်တော်ရှေ့နေ |
| | ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့ |


# ရွှေဟောင်းသမိုင်းဝင် သီပေါ ပေါ်ကြိုဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပ

**သီပေါ မတ် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ၌ ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရွှေဟောင်းသမိုင်းဝင် ပေါ်ကြို



ဘုရားကြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကို ဘုရားကြီးဂေါပကဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များက အစဉ်အလာမပျက် ဦးဆောင်ကျင်းပသည်။

ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို တပေါင်းလပြည့်က အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ရွှေဟောင်းသမိုင်းဝင်ပေါ်ကြိုးဘုရားကြီးမုခ်လေးမုခ်၌ စံပယ်တော်မူသော ရတနာရန်အောင်၊ ရတနာမာန်အောင်၊ ရတနာဉာဏ်အောင်နှင့် ရတနာစျာန်အောင် မြတ်ဘုရားလေးဆူတို့အား ရွှေသင်္ကန်းများကပ်လှူခြင်း အနေကဇာတင်ခြင်း စသည့်ကုသိုလ်ကောင်းမှုများ ဆောင်ရွက်ကြပြီး နမ့်လန်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ အရှင်သူမြတ်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကြောင်း သိရသည်။

စိုင်း (သီပေါ)

မီး သ တိ ပြု

# တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနအနီး၌ မီးဘေးကာကွယ်ရေးစစ်ဆေး

**ဘီးလင်း မတ် ၁၃**

တက္ကသိုလ်ဝင် စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ယမန်နေ့က မီးလန့်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက် စာဖြေဌာန နှစ်ခုဖြစ်သော အထက (ဘီးလင်း)နှင့် အထက (ကန်သာယာ) စာဖြေဌာနအနီးရှိ နေအိမ်များနှင့် ဈေးဆိုင်များအား မီးလောင်မှု၊ မီးလန့်မှု မဖြစ်စေရေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်
(ပြန်/ဆက်)






## ငွေချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)**

**ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၉**

ဦးဆိုင်းအောင်(ခ)မြင့်ရှင်း နှင့် ဦးလှစိန်(ခ)ဦးလှစိန်(၂)
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်(ညည-၃၉)နေ ဦးလှစိန်(ခ)ဦးလှစိန်(၂) (ဘ)ဦးအက်ဖ်အောင်မြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးလှစိန်(ခ)ဦးလှစိန်(၂) (ဘ)ဦးအက်ဖ်အောင်မြင့် သင့်အပေါ်၌ ဦးဆိုင်းအောင်(ခ)မြင့်ရှင်း က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၁)၊ ဦးပိုင်အမှတ်(၄၇)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကေ အကျယ်အဝန်းရှိ ဦးလှစိန်(ခ)ဦးလှစိန်(၂) အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေသည့် ဒီကရီရလိုကြောင်းနှင့် လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ရက်(၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဲမာဖြိုးဦး)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဓာတ်မှန်ဌာနတွင် အသုံးပြုနေသည့် GE 3T MRI စက်အား ပြုပြင်ရန်ရှိပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့် နေ့ရက်** - ၁၂-၃-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)

**တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့်နေ့ရက်/အချိန်** - ၁၈-၃-၂၀၂၅ရက် (အင်္ဂါနေ့) ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## အများသိစေရန် ကြေညာခြင်း

SN
Skin Nyein Aesthetic
Skincare , Cosmetics & Treatment Center

မှတ်ပုံတင် ၀၇၁/၂၀၂၃

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်နှင့် ပတ်သက်၍ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(ည/၉၃)နေ ဒေါ်ငြိမ်းအေးစံ (ဘ) ဦးမောင်မောင်လွင်(၁၃/တကန(နိုင်)၂၄၇၃၅၉) မှ ဆက်လက်အသုံးပြုခြင်းမရှိတော့ကြောင်းနှင့် အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်နှင့် ပတ်သက်၍ အသုံးပြုခြင်းမရှိတော့သည့် အတွက် မည်သည့်ကိစ္စမှ မသက်ဆိုင်ကြောင်း၊ ကျွန်မ ဒေါ်ငြိမ်းအေးစံ တွင် တာဝန်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းအေးစံ (၁၃/တကန(နိုင်)၂၄၇၃၅၉)**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်၊ ကွက်သစ်ရပ်နေ ဦးဝင်းဌေး ၏ သမီး မဌေးဌေးအောင် ၅/ဒပယ (နိုင်)၀၈၆၈၄၆နှင့် မအမကီယာ ဝင်းဌေး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဌေးဌေးအောင်(ခ)**
**အမကီယာဝင်းဌေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/5055 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၊အကွက်အမှတ်(၁၆)၊ အကွက်အမည်(ကွေ့ကြီးအရှေ့)၊ ဦးပိုင်အမှတ်(၁၄၁.ဘ)၊ ဧရိယာ(၀ဒသမ၀၃၂)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော်- လမ်း
(ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၁၄၁.ပ)
(ဂ) တောင်လားသော်- ဦးပိုင်အမှတ်(၁၄၁.မ)
(ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(၁၄၁.ဗ)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဒေါ်ငွေသိန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ မတ်လ (၁၆)ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြင်းခြံမြို့**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့ ၏ Innopex Co.,Ltd တွင် ၁-၁၁-၂၀၂၂ ရက်မှ စတင်၍ Logistics and Export Manager ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့သော (ဘ) ဦးသန့်ဇော်၏သမီး ဒေါ်ခင်နီလာဝင်း ၁၂/သလန(နိုင်)၀၉၆၆၈၁ သည် ကုမ္ပဏီပိုင်ငွေကြေးများကို အလွဲသုံးစားပြုလုပ်ခဲ့သဖြင့် (၇-၂-၂၀၂၅) တွင် ကုမ္ပဏီဘက်မှ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းတွင် အမှုဖွင့် အရေးယူထားပါသည်။ ထို့ကြောင့် ဒေါ်ခင်နီလာဝင်း အနေဖြင့် ကျွန်ုပ်တို့ ကုမ္ပဏီနှင့် သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ဒေါ်ခင်နီလာဝင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့်ပတ်သက်ပြီး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Innopex Co.,Ltd**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၉)၊ မြေကွက်အမှတ်(၁၄၄)၊ မြေဧရိယာ(၀ဒသမ၀၆၂)ဧကရှိမြေအား ဒေါ်လှလှဝင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်နီနီဝင်း၊ ဒေါ်နီနီအေးတို့မှ အမည်ပြောင်းသက်တမ်းတိုး မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်းသက်တမ်းတိုးမြေငှားဂရန်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (ဓ-၂၃၆၀)၊ မြေဧရိယာ(၀.၅၁၆)ဧကရှိ ဦးလှကျော် (ဘ) ဦးစစ်ပု ၁၂/လမန(နိုင်)၀၁၈၄၃၀ အမည်ပေါက်နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးလှကျော်မှ ဦးဇော်မင်းထွေး(ဘ)ဦးချန်ကူ ၉/မကန(နိုင်)၁၈၃၄၂၇နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၊အကွက်အမှတ်(၁၆)၊ အကွက်အမည်(ကွေ့ကြီးအရှေ့)၊ ဦးပိုင်အမှတ်(၁၄၁.မ)၊ ဧရိယာ(၀ဒသမ၀၇၀)ဧကရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- လမ်း
(ခ) အနောက်လားသော်- ဦးပိုင်အမှတ်(၁၄၁.ပ)
(ဂ) တောင်လားသော်- ရိုး
(ဃ) မြောက်လားသော်- ဦးပိုင်အမှတ်(၁၄၁.ဘ)

**ကျောက်ဆည်ခရိုင်တရားရုံး**

## အကွက်အမှတ်(ရစ-၁၆၁)၊ ဦးပိုင်အမှတ်(၃၃၂) အမွေဆိုင်မြေကွက်နှင့်ပတ်သက်၍ကန့်ကွက်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ရဲစု ရပ်ကွက်၊ အကွက်အမှတ် (ရစ-၁၆၁) ဦးပိုင်အမှတ်(၃၃၂)၊ ခန့်မှန်းဧရိယာ(၄၀ x ၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြသောင်းနှင့် ဒေါ်ကြည်လှတို့ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးမြသောင်း(ကွယ်လွန်)နှင့် ဒေါ်ကြည်လှတို့တွင် (၁) ဒေါ်မြင့်မြင့်ကြူ၊ (၂) ဒေါ်မြင့်မြင့်နိုင်(ကွယ်လွန်)၊ (၃) ဦးဝိုင်းချစ်၊ (၄) ဦးရဲဝင်း၊ (၅) ဒေါ်မြင့်မြင့်ငွေး၊ (၆) ဦးရဲလင်းတို့ သားသမီး(၆)ဦး ထွန်းကားခဲ့ပါသည်။ မိခင်ဖြစ်သူ ဒေါ်ကြည်လှအပြင် ၎င်းတို့၏သားသမီးများဖြစ်ကြသော ဒေါ်မြင့်မြင့်ကြူ ၉/ကဆန(နိုင်)၀၀၁၈၀၈၊ ဦးဝိုင်းချစ် ၉/ကဆန(နိုင်)၁၀၆၈၆၅၊ ဦးရဲဝင်း ၉/ကဆန (နိုင်)၁၁၆၈၅၉၊ ဒေါ်မြင့်မြင့်ငွေး ၉/ကဆန(နိုင်)၁၁၆၁၇၈ တို့မသိရှိဘဲ ဦးရဲလင်း ၉/ကဆန(နိုင်)၁၄၅၆၁၆ နှင့် ၎င်း၏ဇနီး ဒေါ်အေးမိသွယ်တို့မှ အထက်ဖော်ပြပါ အမွေဆိုင်မြေကွက်အား အရောင်းအဝယ်ပြုလုပ်နေကြောင်း စုံစမ်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ ဦးရဲလင်းနှင့် ၎င်း၏ဇနီး ဒေါ်အေးမိသွယ်တို့မှ မိခင်ဖြစ်သူ ဒေါ်ကြည်လှ နှင့် ကျန်မောင်နှမများဖြစ်ကြသော ဒေါ်မြင့်မြင့်ကြူ၊ ဦးဝိုင်းချစ်၊ ဦးရဲဝင်း၊ ဒေါ်မြင့်မြင့်ငွေးတို့မသိရှိဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်လှူဒါန်း ခြင်း၊ အခြားတစ်နည်း နည်းဖြင့် လွှဲပြောင်းခြင်းများ ဆောင်ရွက်လာပါက မိမိတို့မှ တာဝန်ယူမည်မဟုတ်ကြောင်းနှင့် လက်ခံဆောင်ရွက်သူတို့၏ တာဝန်သာဖြစ်ပြီး အထက်ဖော်ပြပါ အမွေဆိုင်မြေကွက်နှင့်ပတ်သက်၍ ဒေါ်ကြည်လှနှင့် ကျန်သား သမီးများမှ ကန့်ကွက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သွန်ကြားသူများ-** | **လွှဲအပ်သွန်ကြားချက်အရ -** |
| **၁။ ဒေါ်ကြည်လှ ၂။ ဒေါ်မြင့်မြင့်ကြူ** | **ဦးသက်ထွန်းဦး (LL.B)** |
| **၃။ ဦးဝိုင်းချစ် ၄။ ဦးရဲဝင်း** | **အထက်တန်းရှေ့နေ(စဉ်-၃၈၃၂၈)** |
| **၅။ ဒေါ်မြင့်မြင့်ငွေး** | **ဖုန်း-၀၉-၇၉၇၂၅၃၁၄၅** |

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အပေါ် ထုတ်ဆင့်သည့်ကြော်ငြာစာ မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၆

မြိုင်ဇော်ဝင်း ကုမ္ပဏီလီမိတက်
MYAING ZAW WIN COMPANY LIMITED — လျှောက်ထားသူ
(၎င်းကုမ္ပဏီ၏ ကိုယ်စားဒါရိုက်တာ-ဦးဇော်ဝင်း)

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ အမှတ်-၅၉၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြား၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားတွင် ဖွင့်လှစ်ထားသည့် မြိုင်ဇော်ဝင်း ကုမ္ပဏီလီမိတက် MYAING ZAW WIN COMPANY LIMITED (၎င်းကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ-ဦးဇော်ဝင်း )မှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ Myanmar Companies Online (MyCO) စနစ်ဖြင့် နှစ်စဉ်အစီရင်ခံစာ (Annual: Return)တင်ပြရန် ပျက်ကွက်ခဲ့၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက် ခဲ့သဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်ပြုပါရန် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ- ၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်) နံနက် ၁၀ နာရီ တွင် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျ လွှဲအပ်ထားသည့် အခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အဆိုပါ ကင်းလွတ်ခွင့် လျှောက်ထားချက်အား ရသင့်/မသင့်ကို ကြားနာ၍ ကင်းလွတ်ခွင့် ပြုသင့်/ မသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ် ၍ အကျိုးသက်ဆိုင်သူ မည်သူမဆို လာရောက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။ ၎င်းကဲ့သို့ လာရောက် ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော မြိုင်ဇော်ဝင်း ကုမ္ပဏီလီမိတက် MYAING ZAW WIN COMPANY LIMITED (၎င်းကုမ္ပဏီ၏ ကိုယ်စား ဒါရိုက်တာ-ဦးဇော်ဝင်း)၏ လျှောက်လွှာအပေါ် စစ်ဆေး ဆောင်ရွက်ပြီး လျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာ စာ ထုတ်ဆင့်လိုက်သည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆

| | | |
|---|---|---|
| ဦးဆိုင်းအောင်(ခ)မြင်ရှင်း | နှင့် | ဒေါ်စန်းစန်း (၎င်း၏အထူးကိုယ်စားလှယ် စာရသူ ဦးကျော်ဝင်း) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက် (ညည-၂၂)နေ ဒေါ်စန်းစန်း(ဘ)ဦးရွှင်(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးကျော်ဝင်း (ဘ)ဦးစိန်) ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဒေါ်စန်းစန်း (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးကျော်ဝင်း) သင့်အပေါ်၌ ဦးဆိုင်းအောင် (ခ)မြင်ရှင်းက “မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ-၂၁ )၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ ဒေါ်စန်းစန်း အမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုစေသည့်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်း လဆုတ် ၁၁ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲမာဖြိုးဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အိမ်အမှတ် ၄၉၈၊ အကွက်မှတ်(၅၈၂)၊ လမ်း ၈၀၊ ၃၀x၃၁လမ်းကြား၊ အောင်နန်းရိပ်သာ အရှေ့ ရပ်ကွက်နေ ဦးရန်ချီ (ဘ) ဦးရန်ဆီ ၁၃/လရန(နိုင်)၀၈၃၄၆၂ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

၁။ မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်း ရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၈၂)၊ ဦးပိုင်အမှတ်(၆၄-က)၊ ဧရိယာ ၀ ဒသမ ၁၁၁၄ ဧက အကျယ်ဝန်းရှိ ဦးရန်ချိန်(ခ)လောက်ဝူ (ဘ) ဦးရန်ဆီ အမည် ပေါက် ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများသည် အမွေဆိုင်ပစ္စည်းများဖြစ်ပြီး အမွေခွဲဝေခဲ့ခြင်း လုံးဝမရှိသေးပါ။

၂။ အထက်ပါအမွေဆိုင်ပစ္စည်းအား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင် (၉-၇-၂၀၁၄) ရက်စွဲပါ ပေးကမ်းခြင်း စာချုပ်ကို ပယ်ဖျက်ပေးစေလိုမှုနှင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုဖြင့် လည်းကောင်း၊ မဟာအောင်မြေခရိုင်တရားရုံးတော်တရားမကြီးမှုအမှတ် ၂၁/၂၀၂၅ တွင် ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားသူများအား ဥပစာမှ နှင်ထုတ် ဖယ်ရှား ထွက်ခွာသွားစေလိုမှုစွဲဆိုခဲ့ထားရာ အမှုတစ်စုံတစ်ရာပြီး ပြတ်ချမှတ် ခဲ့ခြင်း မရှိသေးပါ။

၃။ ထို့ကြောင့် အထက်ပါ ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက် အအုံများနှင့်ပတ်သက်၍ အမှုဖြစ် အမွေဆိုင်ပစ္စည်းအား ဦးရန်ချီနှင့် ကျန် မောင်နှမ(၉)ဦး အမွေဆိုင်များသိရှိခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**အများသိစေရန်ကြေညာသူ-**
**ဦးရန်ချီ ၁၃/လရန(နိုင်)၀၈၃၄၆၂**
**ချမ်းအေးသာစံမြို့နယ်၊ အိမ်အမှတ် ၄၉၈၊ အကွက်မှတ်(၅၈၂)၊**
**လမ်း ၈၀၊ ၃၀ x ၃၁ လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၁၄၈၉၅၆၈၊ ၀၉-၇၉၇၇၅၄၁၆၈**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ မေ(၈)ရက် ကမ္ဘာ့ကြက်ခြေနီနေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်ရာတွင် အသင်းမှ ဆောင်ရွက်နေသည့် လူမှုကရုဏာလုပ်ငန်းများ၊ ကြက်ခြေနီစေတနာ လုပ်အားရှင်များ၏ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သည့် လှုပ်ရှားမှုများအကြောင်းကို Interactive Menu ပုံစံ၊ Creative Concept & Design Development ပုံစံ၊ Touch Screen Display ပုံစံဖြင့်လည်းကောင်း၊ Photo Exhibition Booth များဖြင့်လည်းကောင်း၊ Video များဖြင့်လည်းကောင်း ပြသနိုင်ရန် One-stop Service ဝန်ဆောင်မှုလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့် ရက်နှင့် အချိန်** - ၁၄-၃-၂၀၂၅ ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်** - ၂၄-၃-၂၀၂၅ ရက်(ရုံးချိန်အတွင်း)
**တင်ဒါပုံစံများ ထုတ်ယူရမည့် နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ) အမှတ်-၄၂၊ ကမ်းနားလမ်း၊ ၄-လွှာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အား သိရှိလိုပါက ဖုန်း-၀၁-၈၃၉၂၈-၃၀ (လိုင်းခွဲ-၁၁၉) တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ကျောက်ဆည်မြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ဗိုလ်မှူးဟန်ငွေးအောင် **နှင့်** ဒေါ်အေးနှင်းဖြူ
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အမှတ်(၂၀၂၈)လေကြောင်းရန် ကာကွယ်ရေးတပ်ရင်းနေ တရားပြိုင်ဖြစ်သော ဒေါ်အေးနှင်းဖြူ (ဘ) ဦးသိန်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဗိုလ်မှူးဟန်ငွေးအောင်မှ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သက်နိုင်ထွန်း)
မြို့နယ်တရားသူကြီး
ကျောက်ဆည်မြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မချမ်းအိစံ ၁၁/ရဗန(နိုင်)၁၀၁၆၁၃ ၏ ဖခင် ဦးအေးမြင့် ၁၁/ရဗန(နိုင်)၀၀၉၉၃၈ နှင့် ဦးမောင်အေးမြင့်မှာ အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်းနှင့် မချမ်းအိစံ၏ မွေးသက္ကရာဇ်မှာ ၁၂-၅-၂၀၀၀ ဖြစ်ပါကြောင်း။

## အစည်းအဝေးအကြောင်းကြားခြင်း

ကျွန်ုပ်တော်များ **MIN OO MOTOR MYANMAR COMPANY LMITED** သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်တိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အကြောင်းကြားအပ်ပါသည်-

**ကျင်းပသည့်ရက်/အချိန်** ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက် နံနက် (၁၀:၀၀)နာရီ
**ကျင်းပမည့်နေရာ**။ ကုမ္ပဏီအစည်းအဝေးခန်းမ

**MIN OO MOTOR MYANMAR COMPANY LIMITED**
**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၃၊ မြေကွက်အမှတ်(၄၀၈)၊ ပန်းဝါလမ်း၊ မြေကွက်အကျယ် အဝန်းပေ (၄၀x ၆၀)၊ စတုရန်းပေ (၂၄၀၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုလက်ရှိ တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ဖြူဖြူစိုး ၁၀/ရမန(နိုင်)၀၂၂၉၁၄ ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးရဲမြင့် ၁၄/ဖပန(နိုင်)၁၅၀၉၀၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၁၇)**
**အမှတ် (၇)၊ မြေညီ(အေ)၊ ဣန္ဒာသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၃၁၁၀၀၅၁၊ ၀၉-၄၄၇၈၅၃၃၀၉**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ကုန်တင်ကား(14' feet Truck) ဝယ်ယူခြင်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့် ရက်နှင့်အချိန်** - ၁၄-၃-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးထုတ်ယူ ရမည့်ရက်နှင့် အချိန်** - ၂၅-၃-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများနောက်ဆုံးတင်သွင်း ရမည့်ရက်နှင့် အချိန်** - ၃၁-၃-၂၀၂၅ ရက် (ရုံးချိန်အတွင်း)
**တင်ဒါပုံစံများထုတ်ယူရမည့်နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံး)အမှတ်-၄၂၊ ကမ်းနားလမ်း၊ ၄-လွှာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၈၉၅၃၈၅၇၇၀
၀၁၈၃၉၂၈~၃၀(လိုင်းခွဲ-၁၁၉)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်အချက်အလက်များအား သိရှိလိုပါက အထက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၃

ဒေါ်ဝင်းဝင်းနွယ် **နှင့်** ဒေါ်ခင်သန်းမြင့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်စိမ်းလဲ့ဝေ)
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖဖ-၉)၊ အိမ်အမှတ်(၃၃)၊ ၄၆ x ၄၇ လမ်းကြား၊ ၁၁၀ x ၁၁၁ လမ်းကြား၊ ထွန်းတုံးရပ်ကွက်နေ ဒေါ်ခင်သန်းမြင့် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်စိမ်းလဲ့ဝေ(ဘ)ဦးလှတင်) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဝင်းဝင်းနွယ်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ကေအကျယ်ဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား "ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၁ ရက်)မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်ကအမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေယံမိုး)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂) မဟာအောင်မြေခရိုင် တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄၆ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၈

ဦးစိုင်းရာဇာ **နှင့်** ဒေါ်ဝေနှင်းဖြူ
**(တရားနိုင်)** **(တရားရှုံး)**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၇(ဘီ)လမ်း၊ ၁၃၂ x ၁၃၃ လမ်းကြားနေ ဒေါ်ဝေနှင်းဖြူ(ဘ)ဦးဘမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၄၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုင်းရာဇာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်းအကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ်အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ မတ် ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရတနာဖြိုးဝေ)
ဒုတိယခရိုင်တရားသူကြီး(၃)
မဟာအောင်မြေခရိုင်တရားရုံး

## အမည်ပြောင်း

ဦးညဏ်လင်းထွန်း ၈/ခမန(နိုင်)၀၀၃၄၁၀ ၏ သား ချောက်မြို့၊ အမှတ်(၇)ရပ်ကွက်၊ ရွာဟောင်းရပ်နေ အ.မ.က(၂)ဗဟိုကွက်သစ်ကျောင်း၊ GRADE-2 မှ မောင်ထင်လင်းခန့်အား မောင်ထက်ဝေလင်းဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်ထက်ဝေလင်း**

## လူပျောက်ကြော်ငြာ

(ဘ) ဦးထွန်းကျော်မင်း-(မိ) ဒေါ်မြဇာဝေ တို့၏ သမီးဖြစ်သူ မယမင်းလွင် (ခ) ဖူးပွင့်ကေခိုင်သည် ၂၂-၂-၂၀၂၅ ရက်တွင် နေအိမ်မှ ထွက်သွားရာ ယနေ့အချိန်ထိ ပြန်လည်ရောက်ရှိမလာပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဖုန်း-၀၉-၄၅၆၈၅၈၉၆၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/48425 JLM 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ခိုင် ၉/သစန(နိုင်)၁၁၂၀၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၄)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးကျော်လှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးကျော်လှ၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ဆွေဆွေလတ်ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးကျော်စန်းဝင်းက အရောင်းအဝယ်အရပ်ကတိစာချုပ် ချုပ်ဆိုခဲ့ပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် အချိန်မရွေး ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားခဲ့၍ ဤကြော်ငြာသည့်ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည်။ အကယ်၍ လာရောက်ဆက်သွယ်ခြင်းမရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ဦးကျော်လှ၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ဆွေဆွေလတ်နှင့်တကွ အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်မြင့် LL.B (Advocate ) တရားလွှတ်တော်ရှေ့နေ**
**၆၅ x ၆၆ လမ်းကြား၊ ၃၄ x ၃၅ လမ်းကြား၊ ရေနီမြောင်းလမ်း၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၅၉၆၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်သံဒင်း/၄၈၊ လူနေရပ်ကွက်အမှတ်-၁၉၊ စွယ်တော်(၄)လမ်း၊ မြေကွက်အမှတ် ၂၃၃(က)၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ ဦးအေးကို အမည်ပေါက်ပါမစ် မြေကွက်နှင့်မြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်းဖြင့် ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသူဖြစ်သည့် ဦးမျိုးမြင့်အောင် ၁၂/မဘန(နိုင်)၀၂၇၈၇၈ ထံမှ ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ ဒေါ်နန်းခမ်း ၁/မကန(နိုင်)၁၂၉၂၆၅ က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယခုသတင်းစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B) တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၂၄၅ )**
**တိုက်အမှတ် -(B6)၊ အခန်း(401)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉-၇၉၇၇၈၃၅၁၆**

## ဦးညိုဝင်း(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဦးဇော်မျိုးဦး) နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၁၇)၊ ဦးပိုင်အမှတ် (၄၂)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကအကျယ်အဝန်းရှိ မြေကွက် သည် ဦးစိန်ဝင်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး အမည်ပေါက်သူ ဦးစိန်ဝင်းထံမှ ဦးညိုဝင်းက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၀၂၃/၂၀၀၁ အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထို့နောက်အဆိုပါ ဂရန်မြေကွက်အား ဦးညိုဝင်း (ဘ) ဦးဖြိုး ၉/မနမ(နိုင်)၀၇၉၉၆၆၊ အမ်ဒီဝိုင်အင်န်ဒဗလျူ-၀၀၃၃၂၃ (၎င်း၏ အထူးကိုယ်စားလှယ်စာရရှိသူ- ဦးဇော်မျိုးဦး (ဘ)ဦးရွှင် ၉/စကတ(နိုင်)၀၆၆၁၃၆)ထံမှ ဦးရန်နောင်ထွန်း (ဘ) ဦးတင်အောင် ၉/မဟမ(နိုင်)၀၀၇၁၈၄ က အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ ဂရန်သက်တမ်းတိုးခြင်းကိစ္စရပ်များအား လိုအပ်သည့်အချိန်တွင် လိုက်လံဆောင်ရွက်ပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးညိုဝင်း (၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ-ဦးဇော်မျိုးဦး)နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်မာ**
**၉/မနတ(နိုင်)၀၉၆၆၃၅**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၃၈၀/၂၀၁၇**

**ကြေညာသူ-**
**ဦးရန်နောင်ထွန်း (ဘ) ဦးတင်အောင်**
**၉/မဟမ(နိုင်)၀၀၇၁၈၄**
**ဖုန်း ၀၉-၂၅၈၃၁၁၁၄၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၅

ဒေါ်ခင်ထက်ထက်ဇော် **နှင့်** ဦးပါ (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးညွန့်ရှိန်)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၅ x၅၆ လမ်းကြား၊ ၁၁၅ x ၁၁၆ လမ်းကြား၊ မြရည်နန္ဒာရပ်ကွက်နေ ဦးပါ(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးညွန့်ရှိန်) ( ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ခင်ထက်ထက်ဇော်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်အမှတ်(၂၇)၊ (၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၅ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းသင်းလှိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၄)
ချမ်းမြသာစည်မြို့နယ်တရားရုံး

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ သမီးဖြစ်သူ မဖူးပွင့်ပြည့်စုံ ၁၂/ဥကတ(နိုင်)၂၁၈၁၃၇သည် မိဘ၏ဆိုဆုံးမမှုကို မခံယူပါသဖြင့် ၎င်း၏ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါဟု အသိပေးအကြောင်းကြားအပ်ပါသည်။

**(ဖခင်) ဦးနေထွန်းဦး**
**၁၂/ဥကတ(နိုင်)၀၂၆၁၀၆**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်ညွန့်

### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ ခ/၇လမ်းနေ ဦးကျော်သူမိုး-ဒေါ်နှင်းဦးကျော်၊ ဦးဇော်ထွန်းအောင်-ဒေါ်ဇင်မာမာကျော်၊ ဦးကျော်ဇင်မိုး-ဒေါ်စုစု (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန)၊ ဦးကျော်ဟန်မိုး-ဒေါ်ဖြူဖြူလတ်တို့၏ မွေးသမိခင် မြေး(၇)ယောက်တို့၏အဘွား၊ဦးကျော်ဟိုး၏ဇနီးဖြစ်သူ ဒေါ်တင်တင်ညွန့် အသက်(၈၂) နှစ်သည် ၁၃-၃-၂၀၂၅ ရက် (ကြာသပတေးနေ့)၊ နံနက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အရာထမ်း/အမှုထမ်းများ**
**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်တင်ညွန့်

### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ခ)ရပ်ကွက်၊ ခ/၇ လမ်းနေ ဦးကျော်သူမိုး-ဒေါ်နှင်းဦးကျော်၊ ဦးဇော်ထွန်းအောင်-ဒေါ်ဇင်မာမာကျော်၊ ဦးကျော်ဇင်မိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်)-ဒေါ်စုစု၊ ဦးကျော်ဟန်မိုး-ဒေါ်ဖြူဖြူလတ်တို့၏ မွေးသမိခင် ၊ မြေး (၇) ယောက်တို့၏အဘွား၊ ဦးကျော်ဟိုး၏ ဇနီးဖြစ်သူ ဒေါ်တင်တင်ညွန့် အသက်(၈၂)နှစ်သည် ၁၃-၃-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ နှင့် အမှုဆောင်များ**

## အိမ်နှင့်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(ရွှေပေါက်ကံ)၊ ၁၁/၁ ရပ်ကွက်၊ ထွန်းရွှေဝါလမ်း၊ အမှတ်(၂၀၈)၊ အကျယ်အဝန်း အလျား x အနံ (၄၀ x ၆၀)ပေ ဟုခေါ်တွင်သော (ဒေါ်ဆန်းယဉ်ချော)အမည်ပေါက် ပါမစ်မြေဖြစ်ပြီး ၎င်းမြေပေအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀)ပေ မြေပေါ်ရှိ အိမ်နှင့်မြေအား အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် အဆက်ဆက်ဝယ်ယူခဲ့သော ဦးမြင့်သောင်း ၁၄/ကလန(နိုင်)၀၃၄၈၉၇က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် ရေ၊ မီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ငြိမ်းငြိမ်းအေးသူ ၁၂/ကမန(နိုင်)၀၇၄၇၆၃က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအိမ်ခြံမြေ အရောင်းအဝယ်ကို အပြီးအပိုင် ဆက်လက်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်ငြိမ်းငြိမ်းအေးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုအောင်(LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ(LL.B)** |
| **(စဉ်-၁၃၄၉၈/၂၀၁၇)** | **(စဉ်-၅၃၁၃၁/၂၀၂၀)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ရိခေါဒါရ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁(ခ) / အမှတ်(၂)ရပ်)၊ ဦးပိုင်အမှတ် (၁၄၆)၊ ဧရိယာ (၀.၀၃၆)ဧကရှိ ဝင်းမြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သူက တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ် ပြုလုပ်မည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေ မရိုငယ်နီး(၄/တတန(နိုင်)၁၂၇၅၀၃) ထံသို့ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း မှတ်ပုံတင်စာချုပ် စာတမ်းမူရင်းများစသည့် အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၁၆/၂၀၁၃)**
**အမှတ်(၈/၄၉) ၊ အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့၊**
**ဖုန်း- ၀၉-၉၆၂၅၁၁၂၅၊ ၀၉-၂၅၉၁၆၉၃၄၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ မြေကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၁)နှင့် မြေကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၃-က/၃)၊ ဧရိယာ(၁.၅၉၁၈)ဧကအကျယ်အဝန်းရှိ ဂရန်မြေကွက်ကြီးပေါ်တွင် Mandalay Garden City Construction Co.ltd, မှ ဆောက်လုပ်ထားသော Garden Condominium၊ တာဝါ(A)၊ (၆)လွှာ၊ အခန်းအမှတ်(၁)၊ ဧရိယာ (၁၁၃၅) စတုရန်းပေ အကျယ်အဝန်းရှိသော ဦးရဲဝင့်အောင် အမည်ပေါက် ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ (ရေ+မီးအပြည့်အစုံအပါအဝင်)၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ တိုက်ခန်း၏ ဥပစာ တစ်ရပ်လုံးနှင့် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် နေထိုင်ပိုင်ဆိုင်ပြီး ကိုယ်တိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးရဲဝင့်အောင်၊ (ဘ)ဦးစိုးမင်းအောင် ၂/လကန(နိုင်)၀၇၂၀၁၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း၊ ဝယ်သူအမည်ပေါက်ကိစ္စများ၊ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍လည်းကောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးပြည့်ဖြိုးမောင်မောင် (မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၉/၁၇-၁-၂၀၁၇)**
**အခန်း(၃/အေ)၊ တာဝါ(၃)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇လမ်း၊ ၇၃x၇၄ကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၅၃၀၁၊ ၀၉-၂၀၀၀၁၈၄**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး

## ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီ(ဖျာပုံ)

### အလက(သမိန်ထော)၊ အထက-၁ (ဖျာပုံ)

### အသက် (၈၉) နှစ်

ဖျာပုံမြို့နေ (ဦးရွှေတိုး - ဒေါ်အေးသင်) တို့၏ သမီး၊ (ဦးကျော်သောင်း-ဒေါ်ကျော့တင်)၊ (ဒေါ်ကျော့ရင်)၊ (ဦးကျော်ရှိန်)-ဒေါ်မြိုင်မြိုင်ထွန်း တို့၏ ညီမ၊ (ဦးစိန်မြင့်-ဒေါ်ခင်အေးကြူ) တို့၏ အစ်မ၊ တူ၊ တူမ (၁၁) ယောက်၊ မြေး (၁၁) ယောက်တို့၏ ဘွားဘွား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၂၁)၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၊ နှင်းဆီမြိုင်ဂေဟာနေ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ရီ (၈၉) နှစ်၊ ဖျာပုံသည် (၁၃-၃-၂၀၂၅) ရက်နေ့၊ ညနေ (၃:၃၀) နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ (၁၄-၃-၂၀၂၅)ရက်နေ့ မွန်းလွဲ (၂) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးတင်ရှိပါကြောင်း

ကွယ်လွန်သူ ဦးကြည်စမ်း(ရုံးအုပ်-ငြိမ်း၊ ရှေ့နေချုပ်ရုံး) အသက် (၇၄)နှစ် ၏ နာရေးကိစ္စအဝဝကို စိတ်စေတနာဖြင့် ကူညီဆောင်ရွက်ပေးကြသော ရှေ့နေချုပ်ရုံး ဥပဒေအရာရှိ ဆရာ/ဆရာမများ၊ အမှုထမ်းများ၊ ရှေ့နေချုပ်ရုံး အငြိမ်းစား အမှုထမ်းများအသင်းမှ အသင်းသား/အသင်းသူများ၊ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးပါသော တွံတေးမြို့၊ ကန်ဘဲ့ ကျေးရွာနေ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကြည့်မြင်တိုင်မြို့နယ်၊ ဌာနလမ်းရှိ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေများ၊ ရပ်ကွက် သာရေး နာရေးအသင်းမှ ပုဂ္ဂိုလ်များ၊ ရက်လည်ဆွမ်းကျွေးတွင် စေတနာ ရှေ့ထား၍ ကူညီပံ့ပိုးပေးကြသူများ နာရေးသို့ ကိုယ်တိုင်လာရောက်နိုင်ခြင်းမရှိသော်လည်း သတင်းမေးအားပေးသမှုပြုကြသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေများ၊ ပြည်ပနိုင်ငံရောက် မိတ်ဆွေများ အားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

### ပြင်ဦးလွင်မြို့နယ်တရားရုံးတော်

### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၉ နှင့် ဆက်နွယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၉

| | | |
|---|---|---|
| ဒေါ်သီတာလွင် | **နှင့်** | ဦးတင်ခိုင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ဦးပိုင်အမှတ် (၁၄၃)၊ အမှတ်(မ-၂) နေတရားရှုံး ဦးတင်ခိုင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရ မည်။

၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီတာလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မတ်လ ၂၆ ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ မတ်လ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးထွန်းဇော် (၇/တငန(နိုင်)၂၀၄၆၉၄)နှင့် ဒေါ်အေးခိုင် (၇/ရတရ(နိုင်)၁၅၉၉၇၈)တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ၁၁-၁-၂၀၂၅ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ချုပ်ဆိုပြီး ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးဖြစ်၍ ဒေါ်အေးခိုင်နှင့်ပတ်သက်သမျှ ကိစ္စအဝဝသည် ကျွန်တော် ဦးထွန်းဇော်နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းဇော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ်(၁-က/၄၈)၊ ၁၁၃(B)လမ်း၊ ၄၇X၄၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ်၏(SP ရရှိသူ ဦးအောင်ကျော်စိုး)ထံ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၀/၂၀၂၅)ဖြင့်ဝယ်ယူခဲ့သူ ဦးဇော်မွန်ဝင်း ၁၂/သလန(နိုင်)၀၀၉၄၉၅ က အမှုတွဲအမှတ်(၇၀၁၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမျိုးဆက်အောင်

### (ဒုညွှန်ချုပ်-ငြိမ်း)လူမှုဝန်ထမ်းဦးစီးဌာန

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြိုင်တန်းတာလမ်း၊ ၁၄/၂ ရပ်ကွက်၊ အမှတ်(၁၄၇/၁)နေ (ဦးမြတ်စံ-ဒေါ်သန်းညွန့်)တို့၏သား၊ ဒေါ်မို့မို့အေး (အထက-၂၊ ဒဂုံ-ငြိမ်း)၏ခင်ပွန်း၊ မသဇင်ထက်ထက်၊ မအေးမြတ်သက်ငုံ၊ မသိမ့်စန္ဒီထက် တို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၃-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃: ၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၅ရက် (သောကြာနေ့) မွန်းလွဲ (၁) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၂၅ရက် (အင်္ဂါနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယကာကြီး ဦးဇော်လင်း

### အင်/ယာ မြို့ပြ (ငြိမ်း) ဆောက်လုပ်ရေးဝန်ကြီးဌာန

### အသက် (၇၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်(တောင်) ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အိမ်အမှတ်(၃)နေ (ဦးမောင်ချစ်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးကွန်းစိန်-ဒေါ်အုန်း)တို့၏ သားသမက်၊ ဒေါ်အမာသိန်း ၏ခင်ပွန်း၊ ဦးထင်ကျော်မိုး - ဒေါ်နိုင်နိုင်ဦး၊ ဦးဇော်လင်းထွန်း-ဒေါ်ချမ်းမြငြိမ်းအေး၊ ဦးဇော်လင်းအောင်၊ ဒေါ်ခိုင်ခိုင်လင်း၊ ဦးဇာနည်ဇော်လင်း - ဒေါ်ချိုမာအောင် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး (၄)ယောက် တို့၏အဘိုး သည် (၁၃-၃-၂၀၂၅) ကြာသပတေးနေ့၊ မွန်းလွဲ (၁:၁၀)နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် (၁၅-၃-၂၀၂၅) စနေနေ့၊ ညနေ (၃)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ(၁:၀၀) နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ (၁၉-၃-၂၀၂၅) ဗုဒ္ဓဟူးနေ့ နံနက် (၇:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀)နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည် ဖြစ်ပါသဖြင့် စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၃)နေအိမ်သို့ တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၄၊ ကျောက်စိမ်း (၃)လမ်း၊ မြေကွက်အမှတ် ၁၅၃၊ အကျယ် (၄၀ပေx ၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးအောင်သန်း (ITBN-၀၀၃၂၅၈)၏ အမည်ဖြင့် နှစ် (၆၀) ဂရန် အမည်ပေါက် လျက်ရှိပြီး အဆိုပါ အိမ်/ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ကေခိုင် (၁၂/လမန(နိုင်)၁၂၂၁၂၃)၊ အမှတ် ၁၅၊ ပညာ့ရိပ်သာလမ်းသွယ်၊ (၉)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေသူမှ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံး၊ တရားမကြီးအမှုအမှတ် ၁၀၂/၂၀၂၄နှင့် တရားမဇာရီမှုအမှတ် ၁၂၁/၂၀၂၄တို့အရ အမည်ပေါက်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ် (၆၀)ဂရန်မူရင်းနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲခွင့်၊ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ လွှဲပြောင်း ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

(၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၀၈၈)**
**အမှတ်- ၅၈၁၊ ရွှေပြည်သာ (၂) လမ်း၊ ၃၂- ရပ်ကွက်၊**
**ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဖုန်း- ၀၉-၅၁၉၇၉၃၂**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/9199 ယာဉ်လက်ဝယ်ရှိသူ ဦးဇိန်တိုး ၄/ဟခန (နိုင်)၀၁၆၆၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ချင်းပြည်နယ်ရုံး**
**(ဟားခါး)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ သာယာကုန်းကျေးရွာမှ နော်ချယ်ရီတိုး (၃/သတန(နိုင်)၀၂၈၆၀၁)၏ နိုင်ငံကူး လက်မှတ်အမှတ် MA-၆၂၀၄၈၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးနိုင်ပါရန် ကြေညာအပ်ပါသည်။ **နော်ချယ်ရီတိုး**
**ဖုန်း-၀၉-၂၅၀၃၀၅၂၆၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/57364 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်လတ် ၇/ပမန(နိုင်)၁၁၅၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ နယ်မြေ(၈)နေ မောင်ကျော်မြင့် ၁၃/လရန(နိုင်)၁၀၇၅၃၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၄၄၁ ၀၅၅ ၀၈၈**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ အထက(ခွဲ) ညောင်လေးပင်မှ မူလတန်းပြ ဆရာမ ဒေါ်မြသွယ် ၇/ညလပ(နိုင်) ၀၁၄၀၁၂ ၏ အမည်မှန်မှာ ဒေါ်မြသွယ် ဖြစ်ပါကြောင်း။

**ဒေါ်မြသွယ်**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ် (၉၀)၊ (၅လွှာ/A)၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ပေ) ရှိ တိုက်ခန်း (၁)ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါတိုက်ခန်းအား ဦးသက်ပိုင်ဦး (၁၂/ဒပန(နိုင်)၀၅၆၁၃၁)မှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ (၁) ဦးနိုင်လင်းကျော် (၉/စကတ(နိုင်)၀၆၂၃၆၁)နှင့် (၂) ဒေါ်သစ်သစ်လွင် (၉/တတဥ(နိုင်)၀၉၈၃၄၁)တို့က ဝယ်ယူရန် သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက် စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် ၁၆၃၀၇)**
**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊ သာကေတမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၂၅၂၄၀၄၄၈၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၂၅)၊ မြေကွက်အမှတ်-၆၆၄/က၊ အကျယ်အဝန်း (၂၁ပေx၆၀ပေ)(၁၂၆၀)စတုရန်းပေအကျယ်ရှိ နှစ်(၆၀) မြေဌားဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ လက်ဝယ်ထားရှိ ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁)ဦးအောင်စိုး (၁၂/ဥကတ(နိုင်) ၀၂၃၅၂၅)၊ (၂) ဒေါ်ခင်ခင်ချို (၁၂/ရကန (နိုင်)၀၅၃၈၂၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင်နိုင် (၈/မသန(နိုင်) ၀၀၀၅၉၈)က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ယနေ့မှ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရန်နိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၇) LL.B.,DBL.,DIPL.,DL-101(WIPO)**
**အမှတ်(၄၀၁/၅)၊ ၁၅၄-လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၇၉၆၂၈၂၀၄၄**

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိငြိမ်းချမ်း ရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား"လည်း ဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တပေါင်းလပြည့်နေ့အခါသမယတွင် နေပြည်တော်အတွင်းရှိ ဘုရားပုထိုးစေတီများ၌ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြား

**နေပြည်တော် မတ် ၁၃**

ယနေ့ တပေါင်းလပြည့်နေ့ အခါသမယတွင် နေပြည်တော်အတွင်းရှိ ဘုရားပုထိုးစေတီများ၌ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဗုဒ္ဓဂယာ(နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှ စေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစု စေတီတော်၊ ငြိမ်းချမ်းရေးစေတီ၊ လှေ့ခွင်းတောင် တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊

*စာမျက်နှာ ၁၅ ကော်လံ ၁* ❐



တပေါင်းလပြည့်နေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများ စည်ကားလျက်ရှိစဉ်။

# အက်သလက်တီကိုမက်ဒရစ်ကို ပယ်နယ်တီအဆုံးအဖြတ်တွင် နိုင်ပွဲရပြီး ရီးရဲမက်ဒရစ်အသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ် တက်လှမ်း



အက်သလက်တီကို မက်ဒရစ်နှင့် ရီးရဲမက်ဒရစ် အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့မှ မတ် ၁၃ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် အက်သလက်တီကိုမက်ဒရစ်နှင့် ရီးရဲမက်ဒရစ်အသင်း ပွဲစဉ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းက ပွဲကစားချိန် တစ်မိနစ်တွင် ရရှိခဲ့သော ဂယ်လာဂါ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ နှစ်ကျော့ပေါင်းရလဒ် တစ်ဖက်နှစ်ဂိုးစီ သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❖


**ယနေ့ သတင်းအညွှန်း**

**ပါကစ္စတန်၌ ရထားပြန်ပေးဆွဲမှုအတွင်း ခရီးသည် ၂၁ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးနှင့် အကြမ်းဖက်သမား ၃၃ ဦးသေဆုံး**

နိုင်ငံတကာသတင်း စာ ၁၄

**ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်**

ပြည်တွင်းသတင်း စာ ၂၀